DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၆၉)

# ကာလာမသုတ် အနှစ်ချုပ်

အဂ္ဂမဟာ ပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဓမ္မဒါနကုသိုလ်ရှင်

နတ်လှူသာမုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ကာလာမသုတ် အနှစ်ချုပ်

ကွန်ပျူတာစာစီ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ညွှန်ကြားရေးမှူး ဦးဘဟိန်း

မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

# ကာလာမသုတ် အနှစ်ချုပ်

## မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း(၁)ရက်၊ ၂၆-၁၁-၂၀၁၁ (စနေနေ့)၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့၊ အကွက်(၂၇၆) ရှမ်းပိုင်းရပ်၊ ၈၆ လမ်း၊ ၃၆×၃၇ လမ်းကြား (၁၅၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဓမ္မဒါန အမတဒါန တရားပွဲကြီး၌ ရှမ်းပိုင်းရပ်၊ နှစ်ဖက်သော မိဘများကို အမှူးထား၍ ကိုဝင်းမြင့်အောင်+မဥမ္မာ၊ သမီး မေနန္ဒသာ(ခ)ဖူးဖူး၊ လွန်မိုးပွင့်အောင်(ခ)လူးလူး မိသားစုတို့၏အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့်ဟောကြားအပ်သော **"ကာလာမသုတ် အနှစ်ချုပ်"** တရားတော်။

အင်္ဂုတ္တရနိကာယ်မှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဟောကြားထားတဲ့ သုတ္တန်တစ်ခုကို "ကာလာမသုတ် သို့မဟုတ် ကေသမုတ္တိသုတ်" လို့ အမည်နှစ်မျိုးဖြင့်ထင်ရှားတဲ့သုတ်တစ်သုတ် ဟောကြားထားတာရှိတယ်။ ဒီသုတ္တန်နဲ့ အလားတူတဲ့ နောက်တစ်သုတ်လည်းရှိတယ်၊ ဘဒ္ဒိယမင်းသားကို ဟောထားတဲ့ သုတ္တန်ဖြစ်တယ်။

ဒီကာလာမသုတ်က ထင်ရှားတယ်။ ဗုဒ္ဓဘာသာကို လေ့လာကြတဲ့ နိုင်ငံခြားသားတွေက ဒီသုတ္တန်ကို အလေးဂရုထားပြီး ညွှန်းဆိုလေ့ရှိကြတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ ဒီသုတ္တန်က စဉ်းစားဉာဏ်ကို ဦးစားပေးပြီး ဟောကြားထားတဲ့သုတ္တန် ဖြစ်လို့ပဲ။ နောက်ဆုံး ဘာသာဝါဒတွေကိုငြင်းပယ်တဲ့ ကွန်မြူနစ်ဝါဒီတွေကတောင် ဒီသုတ္တန်ကို လက်ဆုပ်လက်ကိုင်ပြုပြီး ပြောဆိုလေ့ရှိကြတာကို တွေ့ရတယ်။ သို့သော်လည်း ထိုပြောဆိုမှုတွေဟာ ဗုဒ္ဓမြတ်စွာရဲ့အာဘော်မကျဘူး။ ဒါ သုတ္တန်ကို တလွဲအသုံးချတာဖြစ်တယ်။ မြတ်စွာဘုရားရဲ့ ရည်ရွယ်ချက် အစစ်ကို နားလည်ဖို့ အင်မတန်မှ အရေးကြီးတယ်။

အဲဒီတော့ ဒီသုတ္တန်ကို **"ကာလာမသုတ္တန်"** လို့ တော်တော်များများ သိနေကြတယ်။ ဒီသုတ္တန်နဲ့ ပတ်သက်ပြီး ဗုဒ္ဓမြတ်စွာရဲ့ ဆိုဆုံးမခြင်းခံရတဲ့ ပုဂ္ဂိုလ်တွေက ကာလာမ လူမျိုးတွေ၊ ကာလာမ အမျိုးသားတွေပဲ။ သို့သော် ဒီသုတ္တန်ဟောတဲ့ နေရာကတော့

**'ကေသမုတ္တ'** ဆိုတဲ့ နိဂုံးရွာကြီးဖြစ်တယ်။ ဒီ ကာလာမ ဆိုတဲ့ လူမျိုးတွေက ကေသမုတ္တဆိုတဲ့ နိဂုံးရွာမှာနေကြတယ်၊ အဲဒီတော့ နိဂုံးရွာနာမည်နဲ့ဆိုရင် ကေသမုတ္တသုတ်လို့ ခေါ်သင့်တယ်။

ပိဋကတ်သုံးပုံမှာ သုတ္တန်တွေကို အမည်ပေးတဲ့အခါ မြတ်စွာဘုရားကိုယ်တိုင် အမည်ပေးခဲ့တာရှိတယ်။ သို့သော် ဘုရားကိုယ်တိုင်အမည်ပေးခဲ့တဲ့သုတ်က အင်မတန်နည်းတယ်၊ နောက်ပိုင်းမှာ သံဂါယနာဆရာတွေက မှတ်သားလို့လွယ်အောင် ဟောကြားရာဌာနကို ရည်ညွှန်းပြီးတော့ သုတ္တန်တွေရဲ့ နာမည်ကို ပေးတယ်။ ဒီသုတ္တန်တွေထဲမှာ အဓိက ဦးတည်ပြီး တော့ဟောတဲ့ ပုဂ္ဂိုလ်ရဲ့ နာမည်နဲ့လည်း သုတ္တန်တွေကို အမည်ပေးခဲ့တယ်။ ထို သုတ္တန်ထဲမှာပါတဲ့ အကြောင်းအရာ တစ်ရပ်ကို ဖော်ညွှန်းပြီးတော့လည်း သုတ္တန်ရဲ့ နာမည် ပေးကြတယ်။

အခု ဒီ **ကာလာမသုတ္တန်** ဆိုတာ မြတ်စွာဘုရားကိုယ်တိုင်က အမည်ပေးခဲ့တဲ့ သုတ္တန်တော့ မဟုတ်ဘူး။

ဒါကြောင့် ဒီသုတ္တန်ရဲ့ နာမည်က နာမည်အမျိုးမျိုး ဖြစ်တာ။ ဟောကြားတဲ့နေရာကို ကြည့်မယ်ဆိုရင်တော့ **ကေသမုတ္တ**၊ ကေသမုတ္တ ဆိုတဲ့ စကားလုံးတောင်မှ လည်း သီဟိုဠ်မူ အနေနဲ့ပြောမယ်ဆိုရင် **ကေသပုတ္တ** လို့ပြောရမယ်။ different version ဆိုတဲ့ မူမတူတာ တွေ ရှိတယ်ပေါ့။ ကေသပုတ္တ လို့လည်း ခေါ်တယ်၊ ကေသမုတ္တ လို့လည်း ခေါ်တယ်။ ဒါကတော့ နိဂုံးရွာ တစ်ရွာရဲ့နာမည်ဆိုတော့ ဘယ်ဟာအမှန်လို့ပြောဖို့ရာ ခက်တယ်။ ဘာဖြစ်လို့တုန်းဆို သမိုင်းဆိုတာ မှတ်တမ်း တင်တဲ့အခါ အမည်နာမကလည်း ရွေ့လျားပြောင်းလဲ သွားတယ်လေ။ ဒီပြင်နေရာမကြည့်နဲ့၊ ဒီနေ့ မန္တလေး တောင်မှပဲ အမည်နာမတွေ ရွေ့လျား ပြောင်းလဲနေတာ ရှိတာပဲ။ တစ်ခေတ်နဲ့တစ်ခေတ်၊ တစ်ချိန်နဲ့တစ်ချိန် မတူကြဘူးလေ၊ ဘုန်းကြီးတို့ ငယ်စဉ်ကာလက ဒီနားမှာ နေတာ။ **ရှမ်းဝိုင်း** လို့ ဒီအရပ်ကို ခေါ်ကြတာပေါ့နော်။ သို့သော်လည်း အခုတော်တော်များများက ရှမ်းဝိုင်းလို့ သိပ်မသိကြဘူး၊ တဖြည်းဖြည်း အမည်နာမဆိုတာ

ပြောင်းသွားတာ၊ ဟို ၄၁ လမ်း ပတ်ဝန်းကျင်နား၊ ၈၄ လမ်း ပတ်ဝန်းကျင်၊ ရှေ့တုန်းက ရွာဟိုင်းဈေးလို့ ခေါ်တယ်၊ ရွာဟိုင်းဈေး။ အခု ဒီကနေ့ကျတော့ မန်းမြို့ဈေးဖြစ်နေတယ်၊ ရွာဟိုင်းဈေးလို့ပြောရင် လူ သိပ်မသိတော့ဘူး၊ မန်းမြို့ဈေးလို့ပြောမှ လူက သိတာကိုး။ မင်းတုန်းမင်းကြီး လက်ထက်တုန်းက နာမည်တွေလည်းပဲ အခုချိန် ပြောင်းသွားတာတွေ ရှိမှာပေါ့။

ခေတ်ကာလအလိုက် နာမည်တွေဟာ အမျိုးမျိုး ပြောင်းလဲပြီးနေတာဖြစ်လို့ နိဂုံးရွာကို ကေသပုတ္တလို့ ခေါ်တာလား၊ ကေသမုတ္တလို့ ခေါ်တာလားဆိုတာ ဒါက အရေးမကြီးတဲ့ အချက်တစ်ခုပဲ။ အဲဒီတော့ ကေသပုတ္တလို့ခေါ်ချင်ခေါ်၊ ကေသမုတ္တလို့ ခေါ်ချင် ခေါ် ဒီနာမည်ဟာ နိဂုံးရွာရဲ့နာမည်၊ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ် တရားဟောခဲ့တဲ့ဒေသပဲ၊ ဒီလိုပဲ မှတ်တမ်းတင်ရမယ်။ သို့သော် ဒီကနေ့ခေတ် ဆဋ္ဌ သံဂါယနာ ပါဠိတော်မှာ နာမည်တပ်ထားတာက

ကေသမုတ္တိသုတ်လို့ နာမည်တပ်ထားတယ်။ နိဂုံးရွာ နာမည်က ကေသမုတ္တ၊ ဘာဖြစ်လို့ ကေသမုတ္တိနာမည်နဲ့ သုံးရသလဲ ဆိုတဲ့အခါမှာ ကာလာမ လူမျိုးတွေကို ရည်ညွှန်းတဲ့အခါ **ကေသမုတ္တိယာ ကာလာမာ**– ကေသမုတ္တ နိဂုံးမှာနေတဲ့ ကာလာမလူမျိုးတွေ၊ တခြား နေရာမှာနေတဲ့ ကာလာမလူမျိုးတွေက ရှိကောင်းရှိနိုင် သေးတာကိုး။ (ဒီနေရာ အရင်က ရှမ်းဝိုင်း ဆိုတာ ရှမ်းတွေနေတာ ဖြစ်လိမ့်မယ်။ အခုတော့ ရှမ်းတွေ မရှိတော့ဘူးနဲ့တူတယ်၊ ရှေးကတော့ ယိုးဒယားဈေး ဆိုလည်း ယိုးဒယားတွေ နေခဲ့တဲ့နေရာ ဖြစ်လောက် တယ်၊ ဘုရင်တွေလက်ထက်က အကွက်ချပြီးတော့ ထားလေ့ရှိတာကိုး။ တဖြည်းဖြည်း ယိုးဒယားကလည်း ဗမာဖြစ်သွား၊ ရှမ်းကလည်း ဗမာဖြစ်သွား၊ တောင်မြို့ အမရပူရမှာဆိုရင်လည်း ကသည်းတို့ဘာတို့ ရှိသေး တယ်။ ဒီနားလေးတောင် ကသည်းဝင်းတို့ ဘာတို့ ရှိသေးတယ်။ ကသည်းဆိုတာ မဏိပူရီတွေကို ခေါ်တာ ပေါ့။ သူတို့ကလည်း တဖြည်းဖြည်း များရာနောက်

လိုက်သွားပြီးတော့ ဗမာတွေဖြစ်ကုန်တော့ ကသည်း ဆိုတာ ပျောက်သွားကြတယ်။ ဒီလိုပဲဖြစ်မှာပေါ့နော်၊ သဘာဝတရားကြီးရဲ့ ပြောင်းလဲမှု။) အဲဒီမှာလည်း ကာလာမလူမျိုးတွေက ကေသမုတ္တမှာနေတဲ့ ကာလာမ လူမျိုးတွေကို ပါဠိစာပေနဲ့ **ကေသမုတ္တိယာ ကာလာမာ** ကေသမုတ္တနိဂုံးရွာမှာနေကြတဲ့ ကာလာမ အမျိုးသား တွေလို့ အဲဒီသုံးတဲ့စကားလုံးကိုကြည့်ပြီး **ကေသမုတ္တိယ သုတ်**လို့ နာမည်ပေးရာကနေပြီးတော့ ယူဖြတ်ပြီး တော့ **ကေသမုတ္တိ** လို့ ဒီလိုခေါ်လာတာ ဖြစ်တယ်၊

အမည်နာမဆိုတာ တစ်ခါတစ်ရံ အကြောင်း တစ်ခုခုကို အစွဲပြုပြီးတော့ ပေးထားတာ၊ ဒါက အဓိက မဟုတ်ဘူး။ ကဲ ဒီသုတ္တန်မှာ မြတ်စွာဘုရားဆီ လာရောက်ပြီးတော့ တရားနာတဲ့ ပုဂ္ဂိုလ်တွေက ကာလာမ လူမျိုးတွေ၊ ဟောကြားတဲ့ ဒေသက **ကေသမုတ္တနိဂုံး** လို့ ဒီလောက်ပဲသိရတယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ဟာ ကာသိနဲ့ ကောသလတိုင်း နှစ်ခုထဲမှာ ကောသလတိုင်း

ကို ဒေသစာရီကြွတယ်။ ကြွချီတဲ့အခါမှာ ကေသမုတ္တ ဆိုတဲ့ နိဂုံးရွာကိုရောက်တယ်။ ဘုရားရောက်လာတယ် ဆိုရင်ပဲ သတင်းပြန့်သွားတယ်၊ မြတ်စွာဘုရားက အင်မတန်မှ ဂုဏ်သတင်းကြီးတာကိုး။ ဘုရားကို ဗုဒ္ဓ ဘာသာ ဟုတ်သူရော မဟုတ်သူရော မြို့ရွာမှာရှိကြတဲ့ ပုဂ္ဂိုလ်တွေက အုတ်အော်သောင်းနင်း လာပြီးတွေ့ကြ တယ်။ ကျော်ကြားထင်ရှားတဲ့ဘာသာရေးခေါင်းဆောင် တစ်ဦးဖြစ်တဲ့ မြတ်စွာဘုရား ကြွလာတယ်ဆို အဲဒီ ခေတ်က ဂုဏ်သတင်း အင်မတန်ကြီးတော့ လာရောက် ပြီးတော့ မမြင်ဖူးလို့ ကြည့်ချင်တဲ့လူလည်းပါတယ်၊ လူမျိုးစုံပဲ၊ ဒီကနေ့ခေတ်လိုပဲပေါ့၊ ဒါကတော့ မဆန်း ဘူး၊ ထူးဆန်းပြီးတော့ မမြင်ဖူးလို့ လာကြည့်တယ်။

အဲဒီလို မြတ်စွာဘုရား **ကေသမုတ္တနိဂုံးရောက်တဲ့** အခါ ကေသမုတ္တမှာ အများစုဖြစ်တဲ့ ကာလာမ လူမျိုး တွေဟာ ဘုရားကို လာပြီးတွေ့ကြတယ်။ အားလုံးဟာ ဗုဒ္ဓဘာသာဝင်တွေချည်း မဟုတ်ဘူး၊ ဘုရားကိုကြည်ညို တဲ့ ပုဂ္ဂိုလ်တွေချည်း မဟုတ်ဘူး၊ လာရောက်ပြီးတော့

တွေ့ကြတဲ့အခါမှာ ဘုရားကို ကြည်ညိုရင်းစွဲရှိကြတဲ့ ပုဂ္ဂိုလ်တွေက ဘုရားရှေ့ရောက်တဲ့အခါမှာ အရိုအသေ ဦးညွှတ်လို့ ရှိခိုးဝပ်ချပြီး မြတ်စွာဘုရား ပြောမယ့် စကား၊ ဟောကြားတဲ့တရားကို နားစွင့်ပြီး ထိုင်နေကြတယ်။ မြတ်စွာဘုရားကြွလာရင်တော့တရားဟောမှာပဲ၊ ဟောတဲ့တရားကို တို့နာခွင့်ရအောင်ဆိုပြီး လာတဲ့ ပုဂ္ဂိုလ်တွေက တရိုတသေ ရှိခိုးဦးချပြီးတော့ မြတ်စွာဘုရားရှေ့မှာနေကြတယ်၊ ထိုင်နေကြတယ်။

နောက်ပုဂ္ဂိုလ်တစ်စုက မြတ်စွာဘုရားထံလာပြီး ကိုယ့်ဆီရောက်လာတဲ့ ဧည့်သည်တစ်ယောက်ကို လာရောက်တွေ့ဆုံတဲ့ သဘောပဲ။ ကျန်းမာကြောင်း၊ ချမ်းသာကြောင်း၊ ဘယ်က ကြွလာသလဲ၊ ခရီးရောပန်းသလား စသဖြင့်ပေါ့လေ၊ ယဉ်ကျေးသိမ်မွေ့တဲ့ လောကပျူဌာ သဘောမျိုး မြတ်စွာဘုရားကို လာပြီး နှုတ်ဆက်ကြတယ်။ တွေ့ဆုံနှုတ်ဆက်ကြတဲ့ ပုဂ္ဂိုလ်က တစ်စု၊ အဲဒီပုဂ္ဂိုလ်တွေက ဘုရားကိုဝပ်ချတာ မဟုတ်ဘူး။

နောက်တစ်စုက ဘာလုပ်သလဲဆိုရင် မြတ်စွာဘုရားဆီကို လာပြီးတော့ လက်အုပ်ကလေးချီပြီး ထိုင်နေကြတယ်၊ ရှိခိုးဝပ်ချတာ သူတို့က မလုပ်ဘူး၊ လက်အုပ်တော့ ချီထားကြတယ်။ အဲဒီပုဂ္ဂိုလ်တွေက ဘယ်လိုပုဂ္ဂိုလ်တွေလည်းဆိုရင် ဘာသာရေးမှာ မည်သည့်ဘာသာရယ်လို့ ဟုတ်တိပတ်တိ မကိုးကွယ်ကြတဲ့ ပုဂ္ဂိုလ်မျိုးတွေ၊ ကြားနေသမားတွေလို့ ပြောရမယ်၊ သူတို့က အကြံနဲ့လက်အုပ်ချီတဲ့ ပုဂ္ဂိုလ်မျိုးတွေ၊ တခြားဘာသာဝင်တွေရဲ့ပြစ်တင်ကဲ့ရဲ့မှုကိုလည်း သူတို့ကြောက်ကြတယ်၊ ဗုဒ္ဓဘာသာဝင်လို့လည်း နာမည်မခံရဲဘူးပေါ့၊ ဘုရားကို မလေးစားလို့ ပြစ်တင်ခံရမှာကိုလည်း သူတို့က ကာကွယ်ဖို့လုပ်ထားတယ်၊ သူတို့ရဲ့စိတ်ကူးက ဘာတုန်းဆို ဒီလောက်ဂုဏ်သတင်းကြီးတဲ့ မြတ်စွာဘုရားကြွလာတာ ဘာဖြစ်လို့ မင်းတို့ အရိုအသေ မပေးလဲဆို "ဟာ . . ဒီမှာကြည့်ပါလား၊ တို့လက်အုပ်ချီထားတာပဲ၊ ရိုသေတာပေါ့ ဘုရားကို" ဒီလိုပြောမယ်။ တခြားဘာသာဝင်တွေက "မင်းတို့

ဘာဖြစ်လို့ ဂေါတမဗုဒ္ဓကို ရှိခိုးရတာလဲ" ဆိုရင် "လက်အုပ်ချီတာ ရှိခိုးတာမှ မဟုတ်တာ"။ အဲဒီလို စိတ်ကူးနဲ့ လက်အုပ်ချီထိုင်နေတဲ့ ပုဂ္ဂိုလ်တွေကလည်း အဲဒီအထဲမှာ တစ်စုပါလာကြတယ်၊ ဒါကြောင့်မို့ လူမျိုးစုံလို့ပြောတာ။

နောက်တစ်စုကတော့ ဘာလုပ်တုန်းဆိုရင် ဘုရား အနီး မရောက်ရောက်အောင် ရှေ့တိုးလာပြီး "တပည့်တော်ရဲ့အနွယ်က ဘယ်သူပါဘုရား၊ နာမည်က ဘယ်သူပါဘုရား" နဲ့ လူကြားထဲမှာ ကျယ်ကျယ် ကျယ်ကျယ်နဲ့ လျှောက်ကြတယ်။ ကိုယ့်ဂုဏ်ကိုယ် ဖော်ထုတ်ပြီး လျှောက်ကြတယ်။ အဲဒီပုဂ္ဂိုလ်တွေက လူစုလူဝေး အခွင့်အရေး ယူကြတာပေါ့။ လူထုပရိသတ် စုရုံးပြီးနေတဲ့အချိန် သူ ဘယ်သူပါ သိအောင်လို့။ ခုခေတ်စကားနဲ့ပြောရရင် မဏ္ဍပ်တိုင်တက်တဲ့ ပုဂ္ဂိုလ် တွေပါ၊ သူဟာ ဘယ်သူပါ၊ တစ်ချိန်တုန်းက သူတို့ဟာ ထင်ရှားချင် ထင်ရှားခဲ့မယ်၊ အဲဒီအချိန်မှာ တိမ်မြုပ် နေတယ်၊ လူက သိပ်ပြီးတော့ မသိကြဘူး။ မသိတာ

ကို လူသိစေချင်လို့ ထင်ပေါ်ကျော်ကြားချင်လို့ ဘုရားရှေ့မှာ သူတို့ကလျှောက်ကြတယ်၊ "တပည့်တော်က ဘယ်အမျိုးအနွယ်ကပါ၊ တပည့်တော်ရဲ့ နာမည်က ဘယ်သူပါ" ဆိုပြီး လူကြားထဲမှာ လူသိထင်ရှား ဖြစ်အောင် ကြိုးစားကြတဲ့ ပုဂ္ဂိုလ်မျိုးတွေလည်းပါတယ်။

အဲဒီထဲမှာ နောက်ဆုံးတစ်စုကတော့ မြတ်စွာဘုရားဆီရောက်ပြီး ကျန်းမာကြောင်း ချမ်းသာကြောင်း မမေးဘူး၊ ငုတ်တုတ် ထိုင်နေတဲ့ သူတစ်စုကလည်း ပါသေးတယ်။ မြတ်စွာဘုရား ကြွလာလို့ လာရောက်တွေ့ဆုံကြတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီလို ငါးမျိုးရှိတယ်။

ဒီလို မြတ်စွာဘုရားကို လာရောက်တွေ့ဆုံကြတဲ့ ပရိသတ်တွေထဲမှာ ခေါင်းဆောင်ပြီးလာတဲ့ ကာလာမ အမျိုးသားတွေက မြတ်စွာဘုရားကို လျှောက်တယ်။ "အရှင်ဘုရားတဲ့၊ တပည့်တော်တို့ဆီ သမဏ ဗြာဟ္မဏ တွေ ဘာသာရေးဆရာတွေ ရောက်ရောက်လာကြတယ်" တဲ့။ (ရောက်မှာပေ့ါ၊ ကေသမုတ္တဆိုတဲ့ နိဂုံးကြီး က ပါဠိတော်မှာတော့ဖော်ပြမထားပေမယ့် အဋ္ဌကထာ

ကနေပြီးတော့ ဒီနိဂုံးရွာကြီးက ဘယ်နေရာမှာရှိတယ် ဆိုတဲ့ Location ကိုဖော်ပြထားတာရှိတယ်။) တောကြီး တစ်ခုကို ဖြတ်သန်းသွားမယ့်အဝမှာ ကေသမုတ္တ နိဂုံး ရွာကြီးက ရှိတာ၊ တောအုပ်ကြီးတစ်ခု ဖြတ်ရတော့ မယ်ဆိုရင် အဲဒီရွာမှာ စခန်းချရတယ်၊ ရိက္ခာတွေ ဘာတွေ ဖြည့်တင်းပြီးတော့မှ ဟိုဘက်တောကြီးကို ဖြတ်ရတယ်။ တောကြီးကိုဖြတ်သန်းလာတဲ့ ပုဂ္ဂိုလ်တွေ ကလည်း ကေသမုတ္တမှာ စခန်းချပြီးမှ ရှေ့ခရီး ဆက်ကြ တယ်။ အဲဒီတော့ စခန်း အင်မတန်မှ ကောင်းတဲ့ နေရာလို့ ဒီလိုပြောရမယ်။ အခုခေတ် အမြင်နဲ့တော့ မကြည့်နဲ့ပေါ့။ ရှေးတုန်းကတော့ ဆင်နဲ့ မြင်းနဲ့ ဒီလို သွားချင်သွားကြမယ်၊ ရထားနဲ့ လှည်းနဲ့ သွားကြတယ်၊ အခုလို ကားနဲ့ မြန်မြန်ဆန်ဆန် သွားလို့မရဘူး၊ ကုန်းကြောင်းသွားတာရှိမယ်၊ အဲဒီလိုသွားတဲ့ ပုဂ္ဂိုလ် တွေက တောအုပ်ကြီးတစ်ခုကို ဖြတ်ရတယ်ဆိုရင် အစာရေစာတို့ အန္တရာယ်တို့ ကာကွယ်မှုတွေ ပြင်ဆင် ပြီးတော့မှသွားကြရတာ။

ဘာသာရေးတရား ဟောပြောတဲ့ ပုဂ္ဂိုလ်တွေ၊ ဘာသာအယူဝါဒများပြားလှတဲ့ ခေတ်အခါကာလမှာ ဘာသာရေးအယူအဆရှိတဲ့ ပုဂ္ဂိုလ်တွေ အားလုံးကို သမဏ၊ ဗြာဟ္မဏလို့ သမဏဂိုဏ်းနဲ့ ဗြာဟ္မဏဂိုဏ်း၊ အိန္ဒိယမှာထွန်းကားခဲ့တဲ့ ဘာသာဂိုဏ်းနှစ်ခုကို ဦးတည် ပြီးတော့ပြောတာ။ သူတို့ကလည်း ရောက်လာလို့ရှိရင် ကေသမုတ္တဆိုတဲ့ နိဂုံးရွာမှာ စခန်းချပြီးမှ တောအုပ် ကြီးကို ဖြတ်တယ်။ တောအုပ်ကြီး ဖြတ်လာတဲ့ ဘာသာရေးသမားတွေကလည်းပဲ တောအုပ်ကြီး ဖြတ်သန်းလာလို့ ပင်ပန်းလာတော့ ကေသမုတ္တမှာပဲ စခန်းချကြတယ်။ စခန်းချပြီးတော့ ဘာလုပ်တုန်းဆို တရားဟောကြတာပေါ့။ ကိုယ့်အယူဝါဒကိုကိုယ် ဟောပြောသွားကြတယ်။

အဲဒီ ဟောပြောတဲ့အခါမှာ တစ်ဦးနဲ့တစ်ဦးက အင်မတန်မှ ဆန့်ကျင်တဲ့အကြောင်းတွေ ဟောကြ တယ်။ တချို့ ဘာသာရေးဆရာတွေ ဟောသွားကြ တယ် "တမလွန်လောကဆိုတာမရှိပါဘူး၊ သေပြီးတာပဲ၊

သေပြီးတဲ့နောက်မှာ ဘာမှမရှိဘူး၊ ကုသိုလ်ကံ အကုသိုလ်ကံရဲ့ အကျိုးတရားဆိုတာလည်းမရှိဘူး"တဲ့၊ အားလုံးကို ကံ ကံ၏အကျိုးကို ငြင်းပယ်ပြီးတော့ ဟောပြောသွားတဲ့ ပုဂ္ဂိုလ်တွေလည်းရှိတယ်။

တချို့ပုဂ္ဂိုလ်တွေကျတော့ "အကုသိုလ်ဆိုတာ ရှိမှ မရှိတာ။ မရှိသည့် အတွက်ကြောင့် အကုသိုလ် လုပ်လို့ မရဘူး" တဲ့၊ အကုသိုလ်ဆိုတာ မရှိသည့်အတွက် လုပ်လည်းမရဘူး၊ ဒီလိုဟောပြောသွားတဲ့ ပုဂ္ဂိုလ်တွေ လည်းရှိတယ်။ နောက်အုပ်စုတစ်ခု လာတဲ့အခါ ကျတော့ "တမလွန်လောကဆိုတာ ရှိတယ်၊ ကုသိုလ်ကံ ဆိုတာလည်းလုပ်လို့ရတယ်၊ အကျိုးတရား ဆိုတာ လည်း ရှိတယ်" လို့ ဟောပြောပြီး သွားကြတယ်။

အဲဒီတော့ ကေသမုတ္တက လူတွေက ဘာသာ တရားတွေ အမျိုးမျိုးနာနေရတဲ့အခါ သူတို့မှာ ဘာဖြစ် လဲဆို သံသယတွေ ဖြစ်ပွားတာပေါ့။ အယူဝါဒချင်း မတူတဲ့ ပုဂ္ဂိုလ်တွေက ဟိုကတစ်မျိုး ပြောသွားလိုက်၊ ဒီကတစ်မျိုးပြောသွားလိုက်ဆိုတော့ ဒါက ဖြစ်တတ်

တယ်၊ ဒီပြင်ဟာ မပြောနဲ့၊ တစ်ခါတစ်ရံ ဒီ ဗုဒ္ဓရဲ့ တရားတော်ကို ဟောတာသည်ပင်လျှင် တစ်ပါးက တစ်မျိုးဟောသွားရင် နောက်တစ်ပါးက တစ်မျိုး ဟောလို့ရှိရင် သံသယဖြစ်ကြတာ ရှိသေးတာပဲလေ။ သူတို့ကျတော့ လုံးဝဆန့်ကျင်တဲ့ အယူဝါဒတွေကို ဟောပြောသွားတာ။

အဲဒီတော့ ကေသမုတ္တမှာနေတဲ့ ကာလာမ အမျိုးသားတွေက မြတ်စွာဘုရားနဲ့ တွေ့တဲ့အခါ လျှောက်ကြတယ် "အရှင်ဘုရား၊ တပည့်တော်တို့ ကေသမုတ္တမှာ သမဏ၊ ပြဟ္မဏတွေရောက်ရောက် လာကြတယ်ဘုရား၊ လာသမျှ ပုဂ္ဂိုလ်တွေဟာ ကိုယ့်ဝါဒ ကောင်းကြောင်းပြောပြီး သူများဝါဒကို ရှုံ့ချပြီး ပြောဆို သွားကြတာချည်းပဲ၊ နောက်တစ်စုကလာပြန်လဲ ဒီလိုပဲ ကိုယ့်ဝါဒ အကောင်းပြော ကိုယ့်ဟာ အမှန်ပြောပြီး သူများဝါဒကို ရှုံ့ချပစ်ပယ်ပြီးသွားကြတယ်၊ အဲဒီတော့ ဘယ်သူမှားလို့ ဘယ်သူမှန်တယ်ဆိုတာ တပည့်တော် တို့ မဝေခွဲနိုင်ဘူးဘုရား" တဲ့၊ သံသယတွေ ဖြစ်တယ်

ပေါ့။ ဒါ ဒီသုတ္တန် စတင် ဖြစ်ပေါ်လာခြင်း အကြောင်း ရင်းပဲ။

ဒီနေရာမှာ မြတ်စွာဘုရားရဲ့ Technigue ပေါ့၊ ဟောပြောမှုမှာ မြတ်စွာဘုရားက အလွန်လိမ္မာ ကျွမ်းကျင်တယ်၊ ပုဂ္ဂိုလ်တွေရဲ့ အနေအထားကို ကြည့်တယ်၊ အခု ဒီ ကာလာမဆိုတဲ့ လူမျိုးတွေဟာ သံသယ ဖြစ်နေတဲ့လူတွေ၊ မြတ်စွာဘုရားက အကယ်၍သာ "သူတို့ပြောတာတစ်ခုမှ မမှန်ဘူး၊ ငါပြောတာ မှတ်ကြ" လို့ ပြောလို့ရှိရင် သံသယ ပိုဖြစ်သွားမှာ သေချာတယ်။ လာပြန်ပြီ၊ ဂေါတမဗုဒ္ဓကလည်း သူ့ဟာပဲ မှန်တယ်၊ ကျန်တာတွေ အမှားလို့ ပြောသွားပြန်ပြီ။ ဒီလိုပဲ ဖြစ်ကျန်ခဲ့မှာ၊ သံသယရှင်းမှာ မဟုတ်ဘူး။ အဲဒီတော့ မြတ်စွာဘုရားရဲ့ Technigue က အင်မတန်မှ ကောင်း တယ်၊ မြတ်စွာဘုရားက ဘာပြောလိုက်တုန်းဆို ဒါ အလွန်မှတ်သားစရာကောင်းတယ်။ "အေး၊ ဟုတ်တယ် ပေါ့၊ မင်းတို့ဟာ သံသယဖြစ်ထိုက်တဲ့နေရာဖြစ်တာပေါ့၊ ဘယ်သူ မှားတယ်၊ ဘယ်သူ မှန်တယ်ဆိုတာ သိဖို့

ခက်တာပဲ၊ ဟိုက တစ်မျိုးပြော ဒီက တစ်မျိုးပြော ဆိုတော့ မင်းတို့ သံသယဖြစ်ထိုက်ပါတယ်၊ ဖြစ်ထိုက်တဲ့ နေရာ ဖြစ်တာပါ" တဲ့။ ဒီလိုပြောလိုက်တော့ သူတို့ ကျေနပ်သွားတာပေါ့၊ ဟုတ်တယ် သံသယဖြစ်ထိုက်တဲ့ နေရာ ဖြစ်တာတဲ့၊ အဲဒီ သံသယပျောက်ဖို့ ကိုယ်ပိုင် ဉာဏ်နဲ့ ဆုံးဖြတ်နိုင်အောင် မြတ်စွာဘုရားက ဒီ သုတ္တန် မှာ သွန်သင်ဆုံးမသွားတယ်။ အဲဒီတော့ ကိုယ်တိုင်က ဗုဒ္ဓဘာသာဝင်ဖြစ်နေလင့်ကစား တစ်ခါတစ်ရံ သံသယ ဖြစ်စရာလေးတွေကြုံလာလို့ရှိရင် ကြည့်၊ မြတ်စွာဘုရား ရဲ့ ဒီသုတ္တန်အဆုံးအမဟာ အင်မတန်မှ တန်ဖိုးရှိတယ်၊ ကိုယ့်ဘဝရဲ့ guide line အဖြစ် အသုံးချလို့ရတယ်။

မြတ်စွာဘုရားဟာ ပြောရမယ်ဆိုရင် လက်တွေ့ သမား၊ ရှေးအကြောင်းတရားတွေကိုလည်း မပယ်ဘူး၊ ပစ္စုပ္ပန် အကြောင်းတရားကိုလည်း လက်ခံတယ်၊ အကြောင်းကို တစ်ခုတည်းလို့ မယူဆဘူး၊ အစစ် အမှန်ကို သိထားတဲ့ပုဂ္ဂိုလ် ဖြစ်သည့်အတွက် အကြောင်းဖြစ်သင့်လို့ရှိရင် အတိတ်ကဟာပဲဖြစ်ဖြစ်၊

ပစ္စုပ္ပန်ဖြစ်ဖြစ် လက်ခံတယ်။ တချို့ကျတော့ အတိတ် အကြောင်းအရာတွေငြင်းပယ်ပြီး ပစ္စုပ္ပန်အကြောင်း တစ်မျိုးတည်းလက်ခံတယ်၊ တချို့ကျတော့ ပစ္စုပ္ပန် အကြောင်းကို ငြင်းပယ်ပြီး အတိတ်အကြောင်း တစ်မျိုး တည်းပဲ လက်ခံတယ်၊ အဲဒါကျတော့ ဘယ်မှန်မလဲ၊ မြတ်စွာဘုရားက အဲဒီလို မဟုတ်ဘူး၊ အတိတ် အကြောင်း ဆိုတာလည်း ဖြစ်သင့်တဲ့ အကြောင်းကို လက်ခံတယ်၊ ပစ္စုပ္ပန်အကြောင်းကိုလည်း ထည့်သွင်း စဉ်းစားပြီးပြောတယ်။

ဆိုပါစို့ ဥပမာ အအေးမိလို့ နှာစေးတာကို ကံကြောင့် ငါနှာစေးတာလို့ပြောရင် မှန်ပါ့မလား၊ သို့သော် ကံမပါဘူးလားဆိုတော့ ကံဆိုတာ အဝေးကြီး၊ ကံရှိလို့ လူဖြစ်လာတယ်၊ လူဖြစ်တော့ အအေးပတ်တဲ့ နေရာ ရောက်လာတော့ အအေးပတ်တာပေါ့။ အဲဒီ တော့ အအေးမိတယ်ဆိုတာ ပစ္စုပ္ပန်အကြောင်းတစ်ခု ထဲကို မပြောဘူး၊ ပစ္စုပ္ပန် လက်တွေ့မြင်ရတဲ့အကြောင်း ကို လက်ခံတယ်၊ ထည့်သွင်းစဉ်းစားတယ်ပေါ့။ တစ်ခု

တည်းကို မပြောရဘူး၊ ဒါကြောင့်မို့ အကြောင်းတရား ဆိုတာ အမျိုးမျိုးရှိတယ်၊ များစွာသော အကြောင်းတရားတွေကို နားလည်မယ်ဆိုရင် ကိုယ့်ဘဝကိုယ် ရပ်တည်ဖို့အတွက် ကိုယ့်သွားရမယ့် လျှောက်လှမ်းရမယ့် လမ်းခရီးဟာ ဖြောင့်တန်းတယ်ပေါ့။ ဒါကြောင့်မို့ မြတ်စွာဘုရားက ကာလာမအမျိုးသား တွေကို "အေး၊ ဟုတ်တာပေါ့၊ မင်းတို့သံသယဖြစ်ဖို့ အင်မတန် ကောင်းတာပဲ၊ သံသယ ဖြစ်ထိုက်တဲ့နေရာမှာ သံသယဖြစ်တာပဲ"လို့ ဒီလို ပြောလိုက်ပြီး မြတ်စွာဘုရားက သူတို့ စဉ်းစားဖို့ အချက်တွေကို ပြောပြတယ်။

အဲဒီတော့ ဘုရားက ပြောတဲ့အခါမှာ သံသယ ဖြစ်နေတဲ့လူတွေကို စဉ်းစားဖို့ အင်အားတစ်ခုကို ပေးတယ်။ သံသယဖြစ်နေတယ်ဆိုတဲ့လူက ရှေ့ကို ဆက်ပြီး မစဉ်းစားနိုင်ဘူး၊ စဉ်းစားရင် ပင်ပန်းတယ်၊ အဲဒါကို ဝိစိကိစ္ဆာလို့ခေါ်တယ်။ ဒါကြောင့်မို့ ဝိစိကိစ္ဆာ ဆိုတဲ့ စကားလုံးက "**ဝိစိနန္တော ကိစ္ဆာ ဝိစိကိစ္ဆာ**" **ဝိစိနန္တော**–စူးစမ်းလိုက်တာနဲ့ **ကိစ္ဆာ**–ပင်ပန်းသွားတယ်၊

ရှေ့မတိုးနိုင်ဘူး။ ကိုယ့်ဉာဏ်မမီလို့ရှိရင် တစ်စုံတစ်ခုကို စဉ်းစားရင် ခေါင်းရှုပ်လာတယ်၊ အဲဒါဟာ ဝိစိကိစ္ဆာပဲ၊ ဒါကြောင့်မို့ ဝိစိကိစ္ဆာရဲ့အဓိပ္ပာယ်ကို ဖွင့်ဆိုတဲ့အခါမှာ "**ဝိစိနန္တဿ ကိစ္ဆာ ဝိစိကိစ္ဆာ**" ဒီလိုဖွင့်တယ်။ စဉ်းစားလိုက်လေ ခေါင်းရှုပ်လေ စိတ်ပင်ပန်းလေဆိုတဲ့အချက်၊ အဲဒါကြောင့်မို့ မြတ်စွာဘုရားက သူတို့ရှုပ်ထွေးနေတဲ့ အကြောင်းအရာတင်မကဘူး၊ လောကမှာ ရှုပ်ထွေးစရာ အကြောင်းတွေက အများကြီး၊ ဒါတင်မကဘူး လူဆိုတာ သူ့အကြိုက် ကိုယ့်အကြိုက်အမျိုးစုံရှိတယ်၊ အဲဒီအမျိုးစုံတွေကို ခြုံငုံသုံးသပ်ပြီးတော့ မြတ်စွာဘုရားက ဒီသုတ္တန်မှာ အချက်(၁၀)ချက်ကို ထုတ်ပြတယ်။

"**ဧထ တုမှေ ကာလာမာ**" ဒီစကားက မင်းတို့ဘာမှ တွေဝေမနေကြနဲ့၊ လာကြ ငါပြောမယ်၊ ဒီအဓိပ္ပာယ်မျိုးကိုပြောတာ၊ "**ဧထ တုမှေ ကာလာမာ**" လာကြ မင်းတို့တွေဝေမနေနဲ့၊ ကိုယ့်ဟာကိုယ် စဉ်းစား

ကြရမယ်။ ကြည့် မြတ်စွာဘုရားထုတ်ပြတဲ့ အချက်တွေက ဘာတွေတုန်းဆို -

နံပါတ်(၁)က **"မာ အနုဿဝေန"** တစ်ယောက်ယောက်က မင်းတို့လာပြောတာ၊ **အနုဿဝ** မှ **အနု** ဆိုတာ တစ်ဆင့်၊ **ဿဝ** ဆိုတာကြားတာ သို့မဟုတ် တစ်ယောက်က လာပြီးပြောတဲ့ စကားကို **အနုဿဝ** လို့ခေါ်တယ်။ လောကမှာ တဆင့်စကား ဆိုတာတွေနဲ့ လူတွေဟာ လက်ခံပြီး ယုံကြည်နေကြတာလေ၊ အရပ်ထဲမှာ ပိုဆိုးတာပေါ့။ "Gossip" ဆိုတာတွေလေ၊ ဟိုအိမ်ဒီအိမ် လည်ပြော၊ ဒီအိမ်ကဟိုအိမ် သွားပြော၊ ဟိုရပ်ကွက်က ဒီရပ်ကွက်သွားပြော၊ ဘာတဲ့ ညာတဲ့နဲ့ ဆိုတာ၊ ဒါမျိုးတွေ အများကြီး ရှိတာပေါ့။ အကြောင်းအရာတစ်ခုခုကို လာပြီးပြောတာ၊ အဲဒါကို **"အနုဿဝ"** လို့ခေါ်တယ်၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ဂျာနယ်ထဲပါတာ၊ မဂ္ဂဇင်းထဲပါတာနဲ့ တစ်လောကတောင် ပါလာသေးတယ်။ သုံးပေရှိတဲ့ တောက်တဲ့ကြီးဆိုတာ၊ တောက်တဲ့သုံးပေရှိတာ မကြားဖူးဘူးနော်။

အဲဒီတော့ ဒါကြောင့်မို့ အနုဿဝကို အင်္ဂလိပ်လို ပြန်တဲ့အခါ report လို့ ပြန်တယ်။ တစ်စုံတစ်ယောက်ကနေ ကိုယ့်ကိုလာပြီး report လုပ်တယ်၊ သတင်းပေးတယ်။ အဲဒါနဲ့လည်း အမှန်လို့ မဆုံးဖြတ်နဲ့တဲ့။

မြတ်စွာဘုရားက report တွေကို အမှန်မယူနဲ့။ ဂျာနယ်ထဲပါတယ်၊ သတင်းစာထဲပါတယ်၊ ဟိုထဲပါတယ်၊ ဒီထဲပါတယ်၊ ဟိုလူကပြောသွားတယ်၊ ဒီလူကပြောသွားတယ်၊ အမှန်မယူနဲ့တဲ့၊ ဒီလိုဆိုလိုတယ်။ ဘာဖြစ်လို့တုန်းဆိုရင် မှန်တာလည်း ရှိချင်ရှိမယ်၊ မှားတာလည်းရှိချင်ရှိမယ်။ ကိုယ့်ဉာဏ်နဲ့ စဉ်းစားဦးလို့ ဒီလိုဆိုလိုတာ။ မြတ်စွာဘုရား ဆိုလိုတာက အဲဒါပဲ။

ကွန်မြူနစ်တွေက ဒီအချက်တွေနဲ့ သူတို့က ဘာသာတရားတွေအကုန်လုံး ပစ်ပယ်ချင်တယ်။ ဒီစကားလုံးသုံးပြီးတော့ ဘာသာတရားတွေကို အကုန်ပုတ်ခတ်တာ၊ အဲဒါတော့မမှန်ဘူး။ မြတ်စွာဘုရားရဲ့ ဆိုလိုရင်းအဓိပ္ပာယ်က ဘာတုန်းဆို သူများကလာပြီး report လုပ်လို့ရှိရင် အဲဒါနဲ့တင် ရပ်မနေနဲ့၊ ကိုယ့်

ဟာကိုယ် ဟုတ်တယ် မဟုတ်ဘူး၊ ဖြစ်နိုင်တယ် မဖြစ်နိုင်ဘူး ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားဦးလို့ပြောတာ၊ ဘယ်လောက်ကောင်းလဲ။ လောကလူတွေက လွယ်လွယ်နဲ့ ယုံတတ်တယ်လေ၊ အောက်က အစီရင်ခံစာ တတ်လာတယ် ဆိုလို့ရှိရင် လက်ခံလိုက်တာပဲ၊ ဟုတ်လား မဟုတ်လားဆိုတာ စဉ်းစားရမယ်၊ အစီရင်ခံစာဆိုတာ အကုန်လုံးမှန်နိုင်ပါ့မလား၊ မမှန်နိုင်ဘူး။

ဒီ့ပြင်အစီရင်ခံစာ မပြောနဲ့ ကိုယ့်အိမ် ကိုယ့်မိသားစုထဲပဲကြည့်၊ သမီးကလာပြော၊ သားကလာပြော၊ ဟိုလူကလာပြော ဒီလူက လာပြောနဲ့ အမှန်ချည်း အောက်မေ့မနေနဲ့။ အမေ မသိစေနဲ့၊ အဖေမသိစေနဲ့ တဲ့၊ အဟုတ်မှတ်နေကြတာ၊ အဲဒါကြောင့်မို့လို့ report လေးနဲ့တင် ကျေနပ်မနေနဲ့၊ မြတ်စွာဘုရားဆိုလိုတာက "အနုဿဝ" လို့ဆိုတဲ့ တစ်ဆင့်ကြား စကားလေးနဲ့တင် မှန်တယ်လို့ မဆုံးဖြတ်နဲ့ဦး၊ မှန်တာလည်းရှိနိုင်တယ် မှားတာလည်းရှိနိုင်တယ်၊ မသေချာဘူးလို့ပြောတာ။ စဉ်းစားကြည့်ပေါ့၊ ဒါအမှန်ပဲလေ၊ အဲဒါကိုဆိုလိုတာ။

နောက်တစ်ခုကတော့ (၂) "မာ ပရမ္ပရာယ" ပရမ္ပရ ဆိုတာ ရှေးဘိုးဘွားဘီဘင် လက်ထက်ကတည်းက လုပ်လာတဲ့ အလုပ်တစ်ခု၊ Tradition လို့ခေါ်တယ်။ မျိုးရိုးအစဉ်အဆက်က လက်ခံလာကြတာ၊ အဲဒါဟာ လည်း "ဒါက တို့ဘိုးဘွားလက်ထက်ကတည်းကပဲ၊ တို့ရဲ့ဓလေ့ထုံးစံပဲ" ဆိုပြီးတော့ လုပ်နေကြတာ၊ အဲဒါကို လည်းပဲ မြတ်စွာဘုရားက ဒါနဲ့ အမှန်တရားကို ဆုံးဖြတ်လို့မရဘူးတဲ့။ Tradition ဆိုတာ မှန်တာ လည်းရှိနိုင်တယ်၊ မှားတာလည်းရှိနိုင်တယ်၊ အမှန် တရားကို ရှာဖွေတဲ့နေရာမှာ ဒါက အသုံးမဝင်ဘူး၊ research လုပ်တဲ့အခါမှာ ဒါတွေနဲ့ research လုပ်လို့ မရဘူးလို့ပြောတာ။

အဓိပ္ပာယ်က အမှန်တရားကို ရှာချင်ပြုဆိုလို့ရှိရင် Tradition နဲ့ မရှာနဲ့၊ ရှာရင် မှန်တာ ရှိချင်ရှိမယ်၊ မှားတာ ရှိချင်ရှိမယ်။ မသေချာဘူးလို့ ပြောတာ။ ဘုန်းကြီးတို့တစ်ခါတုန်းက Mexico နိုင်ငံကလာတဲ့ Mexican လူမျိုးတွေ သုံးဆယ်လောက် ဗမာပြည်ကို

ရောက်လာတယ်၊ သူတို့က ဗုဒ္ဓဘာသာတွေ ဖြစ်နေကြတယ်၊ Mexico ဆိုတာ ခရစ်ယာန်အများစု စပိန်စကားပြောတဲ့နိုင်ငံ၊ အမေရိကန်နိုင်ငံနားက နိုင်ငံတစ်နိုင်ငံ၊ အဲဒီက အမျိုးသား အမျိုးသမီး လူ(၃၀) လောက် ရောက်လာတယ်။ ဘုန်းကြီးတို့ဆီရောက်တော့ မေးခွန်းတွေ မေးကြတယ်၊ မေးခွန်းမေးတဲ့အထဲမယ် အမျိုးသမီး တစ်ယောက်က ဘာမေးတုန်းဆို "သူ မန္တလေးက မဟာမြတ်မုနိဘုရားကြီးကို သွားဖူးတယ်တဲ့၊ ဖူးတဲ့အခါမှာ ဂန္ဓကုဋိတိုက်အနားမှာ အမျိုးသမီး မဝင်ရဆိုတဲ့ ဆိုင်းဘုတ်ကို တွေ့ခဲ့တယ်၊ အင်္ဂလိပ်လို လည်း ရေးထားတယ်၊ အဲဒါမြင်လာတဲ့အခါ သူ့စိတ်ထဲမှာ မကျေမနပ် ဖြစ်တယ်၊ အမျိုးသမီးတွေကို ခွဲခြားဆက်ဆံတယ်ပေါ့။ အမျိုးသားတွေတော့ ဝင်လိုက်ထွက်လိုက် လုပ်တယ်၊ အမျိုးသမီးတွေတော့ မဝင်ရဘူးဆိုရင် ဒါ ခွဲခြားဆက်ဆံတာ၊ ဘုန်းကြီးနဲ့တွေ့တဲ့အခါ မေးတာ၊ အဲဒီလိုစာတမ်းတွေ့တယ်တဲ့၊ ဒါ ဗုဒ္ဓဘာသာလား၊ ဘုရားဟောတဲ့တရားလား" တဲ့ သူကမေးတယ်။

ဘုန်းကြီးက "This is not a buddhism" ဒါက ဗုဒ္ဓရဲ့ဝါဒ မဟုတ်ဘူး။ This is a Tradition။ မြန်မာ လူမျိုးတွေရဲ့ ရှေးအစဉ်အလာအရ လက်ခံ ကျင့်သုံး လာတဲ့ ထုံးတမ်း အစဉ်အလာတစ်ခုသာ ဖြစ်ပါတယ်၊ ဗုဒ္ဓဘာသာနဲ့ မဆိုင်ပါဘူးလို့ ဒီလို ပြောလိုက်တယ်၊ အဲဒီကျတော့ ကျေနပ်တယ်၊ Tradition ဆိုတာ သူတို့လည်းရှိတယ်၊ ကိုယ်လည်းရှိတယ်။

Tradition ဆိုတာ အမှန်တရားလို့ပြောတာ မဟုတ် ဘူး၊ ဓလေ့ထုံးတမ်း အစဉ်အလာအရ လိုက်နာရတာ တွေ ရှိတယ်လေ။ မှန်လို့လိုက်နာတာ မဟုတ်ဘူး၊ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ထုံးတမ်း အစဉ် အလာမို့ လုပ်နေကြတာ၊ ဒါက အမှန်တရားကို ရှာတဲ့ နေရာမှာ အဓိကမဟုတ်ဘူး။ ဒါကြောင့်မို့ မြတ်စွာ ဘုရားက Tradition နဲ့လည်း အမှန်တရားကို မရှာနဲ့၊ Tradition ဆိုတာ မှန်တာရှိတယ်၊ မှားတာ ရှိတယ်။ ခုနက "အမျိုးသမီးမဝင်ရ" ဆိုတာ ဝင်ရင် အကုသိုလ် ဖြစ်တယ်ဆိုရင် ဒါမှားတယ်၊ ဘယ်လိုလုပ် ဝင်ရင်

အကုသိုလ်ဖြစ်မလဲ။ သို့သော် အမျိုးသမီးမဝင်ရ ဆိုတာ မြန်မာလူမျိုးတွေရဲ့ Tradition အနေနဲ့ အမျိုးသမီး မဝင်ဖို့ဆိုတာ ဒါလူမျိုးရဲ့ Tradition။ Tradition ဆို သူတို့နားလည်တယ်။

ဟို ကျိုက်ထီးရိုးမှာလည်း ကြည့်လေ၊ ဘုရားဖက် ကူးတဲ့ တံတားလေး ရှိတယ်မဟုတ်လား၊ အမျိုးသမီး မတက်ရဆိုတာ၊ အမျိုးသမီးတက်ရင် မိုးကြိုးပစ်တယ် တို့၊ မုန်တိုင်းထန်တယ်တို့ ဘာတို့ ပြောကြတယ်၊ တစ်ခါတုန်းက နိုင်ငံခြား အမျိုးသမီးတစ်ယောက်က ယောက်ျားလိုဝတ်ပြီးတော့ ကူးသွားတာ၊ မိုးကြိုးက မပစ်လိုက်ဘူး၊ မုန်တိုင်းကလည်း မကျလိုက်ဘူး၊ မသိလိုက်ကြဘူး၊ မျက်စိလည်သွားတယ်နဲ့တူတယ်။ အကယ်၍ ပြောတဲ့အတိုင်း မဖြစ်ရင် ဒါသိက္ခာကျတယ်၊ အဲဒီတော့ guide တွေကို ပြောလိုက်တယ် "မင်းတို့ အဲဒီလိုမပြောနဲ့၊ ဟိုဟာ ဒီဟာတွေ။ နိုင်ငံခြားသား တွေကို Tradition လို့သာပြော၊ Tradition လို့ပြောရင်

ဒါကိစ္စပြီးတယ်၊ သူတို့မှာလည်းရှိတယ်၊ ဒါက Tradition ပဲ" လို့ ဒီလိုပဲပြောရမယ်။

Tradition ဆိုတာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အမှန်တရားကို ရှာရမယ့်ဟာ မဟုတ်သည့်အတွက်ကြောင့် မြတ်စွာဘုရားက Tradition နဲ့လည်း အမှန်တရားကို မရှာနဲ့၊ အဲဒီတွင် လမ်းမဆုံးနဲ့ပေါ့၊ မှန်ကန်တဲ့ Tradition ရှိတယ်၊ မှားယွင်းနေတဲ့ Traditon လည်းရှိတယ်ပေါ့၊ ဒီလိုဆိုလိုတာနော်၊ အဲဒါကို "မာ ပရမ္ပရာယ" လို့ပြောတာ။

ဒီသုတ္တန်ဟာ ဘဝအတွက် guide line ပေးတဲ့နေရာမှာ အလွန်ကောင်းတယ်။ သို့သော် ပုံပျက်ပန်းပျက် အဓိပ္ပာယ်မယူဆတတ်လို့ရှိရင် တလွဲရောက်ကုန်တတ်တယ်။ အကုန်ပယ်ဖို့ မြတ်စွာဘုရားက ဟောတာ မဟုတ်ဘူး။ အခုကြည့် report နဲ့ အမှန်တရားကို မရှာနဲ့၊ report ဆိုတာ ဘာဖြစ်လို့မရှာရတာတုန်းဆို မှန်တာလည်းရှိတယ်၊ မှားတာလည်းရှိတယ်၊ မသေချာဘူး။ Tradition နဲ့လည်း အမှန်တရားကို

မဆုံးဖြတ်နဲ့။ Tradition ဆိုတာ မှန်တာလည်းရှိတယ်၊ မှားတာလည်း ရှိတယ်။

နောက်တစ်ခုက (၃) "မာ ဣတိကိရာယ" ဣတိကိရ ဆိုတာ ဒီလိုတဲ့ဆိုပြီး တစ်ယောက်လာပြောတဲ့အရာ၊ ဘာဖြစ်သတဲ့ ညာဖြစ်သတဲ့၊ ဟိုလိုပြောသတဲ့ ဒီလိုပြောသတဲ့၊ လောကမှာ "တဲ့" တွေ အများကြီးရှိတယ်၊ အဲဒါကို hearsay လို့ခေါ်တယ်၊ ကြားလာတာကို တစ်ဆင့်လာပြောတာလေ၊ သူကလည်း တစ်ဆင့်ကြားပဲ၊ သူကိုယ်တိုင်မြင်တာမဟုတ်ဘူး၊ ဘာဖြစ်သတဲ့ ညာဖြစ်သတဲ့ လာပြောတာပေါ့၊ အဲဒီ hearsay တွေ၊ "ဣတိကိရ" ဆိုတာတွေနဲ့လည်း အမှန်တရားကို မဆုံးဖြတ်နဲ့တဲ့၊ အမှန်တရားကို ဆုံးဖြတ်ရင် အမှန်တရား မရနိုင်ဘူး။ ဒီလိုဆိုလိုတာနော်၊ ဒါလည်း အမှန်တရားဆုံးဖြတ်ရမယ့် အကြောင်းတစ်ခုမဟုတ်ဘူးတဲ့၊ မှန်တာလည်းရှိမယ်၊ မှားတာလည်းရှိမယ်။

နောက်တစ်ခုက (၄) "မာ ပိဋကသမ္ပဒါနေန"၊ ပိဋက ဆိုတာ ဘုရားဟော ပိဋကကိုပြောတာ မဟုတ်

ဘူး၊ သင်ယူရတဲ့ကျမ်းစာကို ပိဋက လို့ပြောတာ၊ "ပိဋကသမ္ပဒါနေန" စာထဲမှာပါတယ် ဆိုတာနဲ့လည်း အမှန်တရားကို မဆုံးဖြတ်နဲ့လို့ ဒီလိုပြောတာ။

အဲဒီစကားလုံးကို ယူသုံးပြီး ပိဋကသုံးပုံက စကားတွေ ပယ်ချင်တဲ့လူတွေက လျှောက်ပြောတာ၊ အဲဒါ အဓိပ္ပာယ်မရှိဘူး၊ ဒါကိုဆိုလိုတာမဟုတ်ဘူး၊ သတင်းစာထဲပါတယ်၊ ဂျာနယ်ထဲပါတယ်၊ စာအုပ်ထဲပါတယ် ဆိုတာနဲ့ အမှန်ပြောလို့ မရဘူး၊ ဒါ ဟုတ်တာပေါ့။ စာအုပ်ထဲမှာ အမှားရေးချင်လည်း ရေးမှာပဲလေ၊ မှားချင် မှားတာပဲ၊ ဒါကြောင့် စာအုပ်ထဲမှာပါတယ် ဆိုတာနဲ့လည်း အမှန်တရားကို ဆုံးဖြတ်လို့မရဘူး၊ ဒါ သိပ်သဘာဝကျတာ။ ကိုယ်ပိုင်ဉာဏ်ကို အသုံးချဖို့ မြတ်စွာဘုရားက ပောနေတာနော်။ ဒီ ပိဋကသုံးပုံကို ပြောတာမဟုတ်ဘူး။ "ပိဋကသမ္ပဒါနေန" ဆိုတာ သင်ယူရတဲ့ ကျမ်းစာမှန်သမျှကို "ပိဋက" လို့သုံးတာ။

တချို့ နိုင်ငံခြားသားတွေ ဘာသာပြန်တာတော့ ပိဋက ကို ခြင်းတောင်း လို့ ဘာသာပြန်ကြတယ်။

basket တဲ့၊ သို့သော် ခြင်းတောင်းကိုသာ ပိဋက လို့ ခေါ်တာ မဟုတ်ဘူး။ သင်ယူရတဲ့စာပေတွေကိုလည်း ပိဋကတ် လို့ခေါ်တယ်။ အဲဒီတော့ သင်ယူထားတဲ့ ကျမ်းစာနဲ့ ကိုက်တယ်ဆိုရုံနဲ့လည်း အမှန်တရားကို မဆုံးဖြတ်နဲ့တဲ့။ မှန်ချင်မှန်မယ်၊ မှားချင်မှားမယ်၊ ဒါတင်ရပ်မထားနဲ့၊ ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်စဉ်းစားဖို့ လိုအပ်တယ်လို့ ဒီလိုဆိုလိုတာနော်။

နောက်တစ်ခုက (၅) "မာ တက္ကဟေတု" တက္ကဆိုတာ ဒီကနေ့ Logic ကိုခေါ်တာ။ အကြောင်း အကျိုး ဆီလျော်အောင် တွေးတော ဆင်ခြင်မှု၊ တတ္တဗေဒနည်း၊ တွေးခေါ်မြော်မြင်တဲ့ နည်းစနစ် တစ်ခုကို တက္ကလို့ခေါ်တယ်၊ Logic လို့ခေါ်တယ်၊ အဲဒီ Logic နည်းနဲ့လည်းပဲ အမှန်တရားကိုရှာလို့ မမှန်နိုင် ဘူးတဲ့၊ ဆုံးဖြတ်လို့မရဘူးလို့ ဒီလိုဆိုလိုတယ်။ လောက မှာ တတ္တဗေဒနည်းတွေ အများကြီး ရှိတယ်လေ၊ ကြောင်းကျိုးဆင်ခြင်တာပေါ့၊ "လူသည် သေမျိုး ဖြစ်သည်၊ ဦးဘသည် လူတစ်ယောက်ဖြစ်သည်၊

ဒါ့ကြောင့် ဦးဘသည် သေမျိုးဖြစ်သည်''။ ဒီလို ဆင်ခြင်တာမျိုးကို ဆိုလိုတာ၊ ကြောင်းကျိုးဆင်ခြင်ပြီး ပြောတာ။

အဲဒီတော့ နေရာတကာတိုင်းမှာ ဒီနည်းစနစ်ကို သုံးလို့ရှိရင်လည်း အမှန်တရားကို ရှာဖွေလို့ရမှာ မဟုတ်ဘူး။ အသိဉာဏ်နဲ့ ရှာဖွေမှသာလျှင် မှန်ကန်တဲ့ တရားကို သိနိုင်တယ်လို့။ ဒါကြောင့်မို့ တက္ကဗေဒ နည်းနဲ့လည်း အမှန်တရားကို မဆုံးဖြတ်လေနဲ့လို့ မြတ်စွာဘုရား ဟောတာ။

သူတို့ပြောနေတဲ့ သံသယတွေဟာ တစ်ခုတည်း မကဘူး၊ မြတ်စွာဘုရားက လောကမှာရှိတဲ့ သံသယ ဖြစ်ဖွယ်ရာတွေကို ဒီမှာ အကုန်ထုတ်ပြနော်။

နောက်တစ်ခုက (၆) "မာ နယဟေတု" တဲ့။ နယဆိုတာ နည်းယူပြီးတော့ပြောတာ၊ အကြောင်း မြင်ရင် အကျိုးကိုပြောလို့ရတယ်၊ အကျိုးအကြောင်းကို ပြောလို့ရတယ်၊ အဲဒါကို inference လို့ခေါ်တယ်၊

**အနုမာန** လို့ခေါ်တယ်၊ တစ်ဆင့်သိတာ မှန်တာလည်း ရှိတယ်၊ မှားတာလည်းရှိတယ်။

တောင်ရဲ့ ဟိုဘက်ကနေပြီးတော့ မီးခိုးတွေ ထွက်နေတာ မြင်တဲ့သူတစ်ဦးက "တောင်ရဲ့ဟိုဘက်မှာ မီးလောင်နေတယ်" လို့ပြောတယ်၊ ဘာဖြစ်လို့တုန်းဆို မီးခိုးဆိုတာ မီးကဖြစ်တာကိုး၊ သူမြင်တာက မီးခိုး၊ မီးရဲ့ အကျိုးကိုသာ မြင်တာ၊ အကျိုးကိုကြည့်ပြီးတော့ အကြောင်းကို လှမ်းပြောတာ၊ မီးကိုသူမမြင်ဘူး။ အဲဒါ အမြဲတမ်းမှန်သလားဆိုတော့ မီးခိုးမြင်တာနဲ့ မီးရှိတယ် လို့ပြောရင် အမြဲတမ်း မမှန်ဘူး။ တစ်ခါတလေ မီးရထားစက်ခေါင်းကလည်း မီးခိုးထွက်သေးတာပဲ၊ မီးမလောင်ဘဲနဲ့ မီးခိုးထွက်တာရော မရှိဘူးလား၊ ရှိတယ်။ အဲဒီတော့ ဒါတွေက **အနုမာန** လို့ခေါ်တယ်၊ အကျိုးကိုကြည့်ပြီး အကြောင်းကို တွက်ဆတာ၊ အကြောင်းကိုကြည့်ပြီးတော့ အကျိုးကို တွက်ဆတာ၊ တစ်ခုပဲမြင်ရတယ်၊ တစ်ပိုင်းပဲမြင်ရတယ်၊ မြင်ရတာနဲ့ ကျန်တာကို မှန်းပြီးတော့ ဆုံးဖြတ်တာ၊ inference

**အနုမာန** လို့ခေါ်တယ်၊ တစ်ဆင့် မှန်းဆပြီးတော့ သိတာမျိုး။ အဲဒါနဲ့လည်း အမှန်တရားကို ရှာလို့မရဘူး လို့ ဒီလိုပြောတာ။

မြတ်စွာဘုရား ဟောတာတော့ တကယ့်ကို ပစ္စဝေက္ခဏာဉာဏ်ကို ဟောတာပဲ။ ဒါကြောင့်မို့ ပစ္စဝေက္ခဏာဉာဏ် မဟုတ်တာတွေနဲ့ဆို တစ်ခုမှ စိတ် မချရဘူး၊ ဘာဖြစ်လို့တုန်းဆို လောကလူသားတွေက အမှန်တရားဆိုတာကို အတွေးတွေ၊ အပြောတွေနဲ့ပဲ ရှာနေကြတာ။

နောက်တစ်ခုက (၇) **"အာကာရပရိဝိတက္ကေန"** ကြောင်းကျိုးဆင်ခြင်ပြီး သုံးသပ်ကြည့်တာ၊ အကြောင်း တရားကို တွေးတောဆင်ခြင်ပြီး ကြည့်တာ၊ အဲဒီလို တွေးတောဆင်ခြင်ပြီးတော့ အတွေးအခေါ်တစ်ခုနဲ့ အမှန်တရားကို ဆုံးဖြတ်ရင် မှန်လားဆို မမှန်ဘူး။ ဒါနဲ့လည်းပဲ အမှန်တရားကို ဆုံးဖြတ်လို့မရဘူး၊ ဒီလို ဆိုလိုတာ။

နောက်တစ်ခုက (၈) "ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ"၊ ဒိဋ္ဌိ ဆိုတာ ကိုယ့်ရဲ့အမြင်၊ ကိုယ့်ရဲ့အမြင်ကို ဆင်ခြင်စဉ်းစားလိုက်တဲ့အခါ ကျေနပ်စရာအဖြေတွေ ထွက်တယ်၊ ကိုယ့်အမြင်လေးက သဘောကျစရာရှိတယ်၊ ကြောင်းကျိုးဆင်ခြင်လို့ရတယ်၊ ကိုက်ညီတယ်။ ကိုယ့်အမြင်ဟာ သူများအမြင်နဲ့လည်း ကိုက်ညီတယ်၊ ကျေနပ်စရာ ကောင်းတယ်၊ ဆင်ခြင်သုံးသပ်ပြီးကြည့်မှုနဲ့ရော အမှန်တရားကို ဆုံးဖြတ်လို့ရလားဆိုတော့ မရဘူးတဲ့။ မြတ်စွာဘုရားက အဲဒါနဲ့လည်း ဆုံးဖြတ်လို့မရဘူး၊ လောကလူတွေက ဆုံးဖြတ်နေကြတယ်၊ ဒါမျိုးတွေပေါ်မှာ အခြေခံပြီးတော့ ဆုံးဖြတ်ကြတာကိုး၊ ဒါကြောင့်မို့ မြတ်စွာဘုရားက ဒီအချက်တွေနဲ့ မဆုံးဖြတ်ဖို့ ဒီသုတ္တန်မှာ နည်းစနစ်တစ်ခုကိုပေးတာ။

နောက်တစ်ခုက (၉) "မာ ဘဗ္ဗရူပတာယ" ဖြစ်နိုင်ခြေရှိတာ posibility လို့ခေါ်တယ်၊ ဘယ်ကိစ္စဖြစ်ဖြစ် လူတွေကပြောကြတယ် "ဒါ ဖြစ်နိုင်တယ်" တဲ့။ အကြောင်းအကျိုး ဆင်ခြင်မှုတော့ ရှိတာပေါ့၊ ဒါ

ဖြစ်နိုင်တယ်လို့ ပြောရတဲ့ အရာတစ်ခုဟာလည်း ကိုယ်က ဖြစ်နိုင်တယ်လို့ ပြောပေမယ့် ဖြစ်ချင်မှဖြစ်တာ၊ ဒါကြောင့်မို့ ဒါနဲ့လည်းပဲ အမှန်တရားကို မဆုံးဖြတ်နဲ့တဲ့၊ "ဘဗ္ဗရူပ" မှတ်သားထိုက်တယ်၊ ဖြစ်နိုင်ခြေရှိတယ် ဆိုတဲ့အချက်နဲ့လည်း အမှန်တရားကို မဆုံးဖြတ်နဲ့တဲ့။

နောက်ဆုံးအချက်ကျတော့ ဘာတုန်းဆို (၁၀) "**မာ သမဏော နော ဂရု**" တချို့က လေးစားရတဲ့ သူ့ရဲ့ဆရာက ပြောသွားတဲ့စကား "ဒီသမဏဟာ တို့ရဲ့ ဆရာပဲ၊ ဆရာပြောတာဆိုရင် မမှားဘူး" လို့ ဒီလိုနဲ့ အမှန်တရားကို ဆုံးဖြတ်လို့ မရဘူးတဲ့။

အဲဒီတော့ အသိဉာဏ်မပါဘဲနဲ့ ဘယ်အချက် ကိုမှ ကိုယ့်ရဲ့ ဆင်ခြင်တုံတရား ပစ္စဝေက္ခဏာဉာဏ် မရှိဘဲနဲ့ ဘယ်ဟာကိုမှ အမှန်တရားလို့ မဆုံးဖြတ် ရဘူးလို့ မြတ်စွာဘုရားက ကာလာမအမျိုးသားတွေကို ဟောတာ၊ ဒီ(၁၀)ချက်၊ ဆရာကြီးကတော့ တို့ရဲ့ ဆရာပဲ (သို့မဟုတ်) တို့ရဲ့ဆရာတော်ကြီးက ပြောသွား တာ၊ အခုခေတ်ဆိုလို့ ရှိရင် တို့ဘုန်းကြီးက ပြောတာ၊

တို့ဦးဇင်းက ပြောတာ ဆိုပြီးတော့လည်းပဲ ဒီမှာတင် လမ်းမဆုံးစေနဲ့လို့ ပြောတာ၊ ကိုယ့်ဟာကိုယ် စဉ်းစား ဦးပေါ့၊ ဒီလိုဆိုလိုတာ။

မြတ်စွာဘုရားက မစဉ်းစားဘဲနဲ့ လက်ခံတာကို သဘောမကျဘူး၊ ဒါက သာမန်သာပြောတာ၊ တခြား သုတ္တန်မှာဆိုလို့ရှိရင် "**ဝီမံသကသုတ်**" မှာဆိုရင် မြတ်စွာ ဘုရားက "ငါ့ကို မင်းတို့ စုံစမ်းကြစမ်း၊ စူးစမ်းကြစမ်း၊ လေ့လာကြစမ်း၊ ငါပြောတဲ့အတိုင်း ငါ့ကို မယုံကြနဲ့" လို့ ဖိတ်ခေါ်တယ်၊ ဒီလိုဖိတ်ခေါ်တဲ့ ဘာသာရေးဆရာ ဟာ မြတ်စွာဘုရားတစ်ပါးပဲရှိတယ်။ ကာယကံ၊ ဝစီကံနဲ့ လေ့လာကြည့်၊ ကျေနပ်လောက်စရာရှိလား၊ ကျေနပ် လောက်မှလက်ခံ။

ကိုယ်ပိုင်ဉာဏ် ဦးစားပေးပြီးတော့ ဆုံးမ သွန်သင် လေ့ရှိတဲ့ မြတ်စွာဘုရားက အခုပြောတဲ့ အချက်(၁၀) ချက်နဲ့ အမှန်တရားကို ဆုံးဖြတ်လို့မရဘူးလို့ ကာလာမ အမျိုးသားတွေကိုဟောတာ။ ဘာဖြစ်လို့တုန်းဆို သံသယဖြစ်နေတဲ့လူတွေကိုး။ မင်းတို့ ဒီအချက်တွေနဲ့

မရှာလေနဲ့၊ ဒါဖြင့် ဘယ်အချက်တွေနဲ့ ရှာရမလဲ "ဒါက ဘာကိုရည်ရွယ်ပြီး ပြောတာလဲ၊ မင်းတို့ကိုယ်တိုင် သိအောင်လုပ်ရမယ့်အချက်က ဘာလဲ" ဆိုတဲ့အခါ ကုသိုလ်လား၊ အကုသိုလ်လား၊ အပြစ်ရှိသလား၊ အပြစ်မရှိဘူးလား၊ ပညာရှိသူတော်ကောင်းတွေ ကဲ့ရဲ့တဲ့ဟာလား၊ ချီးမွမ်းတဲ့အရာလား၊ လက်တွေ့ကျင့်သုံးလုပ်ကိုင်ဆောင်ရွယ်မယ်ဆိုရင် ကောင်းကျိုးချမ်းသာတွေ မရဘဲနဲ့ ဆင်းရဲဒုက္ခတွေ ကြုံနိုင်တဲ့ အရာလား၊ ဒီအချက်တွေနဲ့ပဲ ကိုယ်တိုင်သိအောင် ကြိုးစားပါ" လို့ ဒီလိုပြောတာ။ ဒါတွေက ပိုပြီးတော့ အဓိကကျတယ်။

ဘယ်ကိစ္စပဲဖြစ်ဖြစ်ပေါ့ " ဒါ လုပ်ကောင်းလား၊ ငရဲကြီးသလား" နဲ့ မေးတတ်ကြတယ်။ ငရဲကြီးလား၊ မကြီးဘူးလား ဆိုတာက အကုသိုလ်ဖြစ်ရင် ငရဲကြီးတာပဲ၊ ငရဲကြီးတယ်ဆိုတာက အကုသိုလ်မှန်သမျှ အပါယ်ဘုံကို ကျစေနိုင်တဲ့သတ္တိ ရှိတယ်၊ ဒါပေမယ့်လို့ ကျရမယ်လို့ပြောတာ မဟုတ်ဘူး၊ ကျစေနိုင်တယ်လို့ ပြောတာ။

မြတ်စွာဘုရားဟောတဲ့ တရားကိုက "**ပါဏာတိ- ပါတော နိရယသံဝတ္တနိကော၊ တိရစ္ဆာန သံဝတ္တနိကော၊ ပေတသံဝတ္တနိကော**" ပါဏာတိပါတ အမှုသည် ငရဲ၌ ဖြစ်စေနိုင်သည်၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၌ ဖြစ်စေ နိုင်သည်လို့ဆိုတာ။ **ဖြစ်စေနိုင်သည်** ဆိုတာနဲ့ ဖြစ်ရ မည်ဆိုတာ မတူဘူး၊ ဒီစကားလုံးက မတူဘူး၊ **ပါဏာတိပါတ** က လုပ်သမျှအကုန် ငရဲကျရမယ်လို့ ဒီလို ဘယ်တော့မှ မဟောဘူး။ တကယ်လည်း **ပါဏာတိပါတ** လုပ်တိုင်း ငရဲကျတယ်လို့ ဒီလိုပြောတာ မဟုတ်ဘူး၊ အဲဒီလိုဟောရင် မှားမှာပေ့ါ။ ဘာဖြစ်လို့ တုန်းဆို အခြား အခြေအနေတွေ ရှိသေးတယ်၊ **ပါဏာတိပါတ** က ငရဲ ဖြစ်စေနိုင်တာ၊ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝ ရောက်စေနိုင်တာ၊ ဒါ မှန်တယ်။ သို့သော် အခြားအကြောင်းတရားတွေကိုလည်း စဉ်းစားရတယ်။

ဂျိန်းဘုရားက ဟောတဲ့အခါ "**ယော ပါဏမတိ- ပါတေတိ သဗ္ဗော သော နိရယံ ဥပပဇ္ဇတိ**" တဲ့။ သူပြောတဲ့ စကားလုံးက definite သေချာပေါက်

ပြောလိုက်တာ၊ "**ပါဏာတိပါတ**လုပ်သူတိုင်းဟာ အပါယ် ရောက်ကျမယ်" လို့ ဒီလိုပြောတာ၊ အဲဒါကို မြတ်စွာဘုရား က မမှန်ဘူးတဲ့။

အခုခေတ်တောင်မှ ကြည့်လေ၊ မင်း ခိုးလို့ရှိရင် ထောင်ကျမယ်ဆိုပေမယ့် လူတိုင်း ထောင်ကျရဲ့လား၊ မကျတဲ့လူတွေ ရှိတာပေါ့၊ ဟုတ်တယ်မဟုတ်လား၊ ဒါ စဉ်းစားဖို့ပြောပြတာလေ၊ တစ်ယောက်နဲ့တစ်ယောက် အခြေအနေချင်းလည်း မတူဘူးလေ၊ ကံလုပ်တာချင်း တူပေမယ့် မတူတဲ့ အခြေအနေတွေ ရှိသေးတယ်။ ဘာတွေတုန်းဆို ဆိုပါစို့၊ လူနှစ်ယောက်ဟာ အကုသိုလ်လုပ်တာချင်းတူတယ်၊သို့သော် တစ်ယောက် က အကုသိုလ်လုပ်တယ်၊ ကုသိုလ်မရှိဘူးဆိုတဲ့ လူ တစ်ယောက်။ကုသိုလ်တွေလည်းလုပ်တယ်၊ အကုသိုလ် လည်း လုပ်တယ်ဆိုတဲ့လူတစ်ယောက်က အကျိုးပေး တာချင်း မတူနိုင်ဘူးလေ။

ပြစ်မှုတစ်ခု ကျူးလွန်တဲ့အခါမှာ ပိုက်ဆံရှိတဲ့လူနဲ့ မရှိတဲ့လူ ကွာလား၊ မကွာဘူးလား၊ ဒါက လက်တွေ့၊

ပိုက်ဆံရှိရင် အပြစ်က လွတ်သွားနိုင်တယ်၊ ပေ့ါသွားနိုင်တယ်၊ မရှိရင်ပိုဆိုးမယ်၊ ဒါက သဘာဝကို ပြောပြတာလေ၊ အဲဒါတွေကို ထည့်စဉ်းစားပြီး ကံတရားလည်း အဲဒီအတိုင်းပဲ၊ ဒီလိုဆိုရင် ကံတရားက မျက်နှာလိုက်တာလားဆိုတော့ မျက်နှာလိုက်တာ မဟုတ်ဘူး၊ condition အခြေအနေတွေ ရှိတယ်၊ အခြေအနေကောင်းတွေရှိရင် သက်သာတယ်၊ အခြေအနေကောင်းမရှိရင် မသက်သာဘူး၊ ဒါပဲ။ ဒါကြောင့်မို့ အခြေအနေကောင်းအောင် လုပ်ရမယ်။

မြတ်စွာဘုရားဟောတဲ့တရားတွေက အင်မတန်မှ သဘာဝကျတယ်၊ ပါဏာတိပါတလုပ်ရင် ငရဲကျရမယ်လို့ ဟောကြည့်ပါလား၊ ရှင်အင်္ဂုလိမာလ ငရဲကျရဲ့လား၊ မကျဘူးလေ၊ နှစ်ပေါင်း (၅၀) ရာဇဝတ်သားတွေကို ခေါင်းဖြတ်သတ်လာတဲ့ တမ္ဗဒါဌိက လူသတ်သမားကြီးရော သေတော့ ငရဲကျရဲ့လား၊ မကျဘူး။ ဘာဖြစ်လို့တုန်း၊ အခြေအနေက မတူဘူးလေ၊ လွတ်သွားတဲ့ ပုဂ္ဂိုလ် လွတ်တယ်၊ မလွတ်တဲ့ပုဂ္ဂိုလ် မလွတ်ဘူး၊ ဒါက

တခြားအခြေအနေတွေကို ထည့်သွင်းစဉ်းစားရမယ်၊ သို့သော်မှတ်ရမှာက **ပါဏာတိပါတသည် ငရဲကိုကျစေနိုင်တယ်၊** ဒါမှန်တယ်၊ ဒါကတော့ definitely ပဲ။ သေချာပေါက်။ ပါဏာတိပါတ အလုပ်ကြောင့် နတ်ပြည် ရောက်တာတော့ လုံးဝမရှိဘူး၊ **ဘယ်အကုသိုလ်ကမှ ကောင်းကျိုးမပေးဘူး၊** ဒါမှန်တယ်။ သို့သော် ဒီအကုသိုလ်က သူ့အကျိုးပေးခွင့် ရချင်မှရမှာပေါ့၊ ဒီလို ဆိုလိုတာ။

အဲဒီတော့ လူသတ်လို့ ငရဲပြည်မရောက်ပေမယ့် လူသတ်လို့ နတ်ပြည် ရောက်သွားတယ်လို့ ဒီလိုတွေ မတွက်လေနဲ့၊ လူသတ်လို့ရောက်တာ မဟုတ်ဘူး၊ တခြား ကုသိုလ်ကြောင့် ရောက်တာ၊ ဒါကိုလည်း ခွဲခြားသိဖို့လိုတယ်။

ပါဏာတိပါတ အမှုကတော့ ငရဲမှာ ကျစေတာ သေချာတယ်၊ သို့သော် တခြားအခြေအနေကြောင့် ငရဲ မကျဘဲ လွတ်ချင်လွတ်သွားတယ်၊ ဒီလို ဆိုလိုတာ။ ဒါကြောင့်မို့ မြတ်စွာဘုရားက စဉ်းစားရမှာက "ဒီအလုပ်

ဟာ အပြစ်ရှိလား၊ မရှိဘူးလား၊ ကုသိုလ် အလုပ်လား၊ အကုသိုလ်အလုပ်လား၊ ပညာရှိတွေ ချီးမွမ်းသလား၊ ကဲ့ရဲ့သလား၊ လက်တွေ့ ကျင့်သုံးတဲ့အခါ ကောင်းကျိုး ချမ်းသာ ပေးသလား၊ မပေးဘူးလား" ဒါပဲ ဆင်ခြင် စဉ်းစား။ အဲဒီအချိန်မှာ စဉ်းစားလိုက်လို့ အကုသိုလ် ဖြစ်တယ်၊ အပြစ်ရှိတယ်၊ ပညာရှိတွေ ကဲ့ရဲ့တဲ့အရာ ဖြစ်တယ်၊ လက်တွေ့ကျင့်သုံးလို့ရှိရင် ဒုက္ခရောက်နိုင် တယ် ဆိုတာနဲ့တစ်ပြိုင်နက် ဖယ်လိုက်ပါ၊ ဒါကို မလုပ် ပါနဲ့။

အခုခေတ်လူတွေက မကောင်းမှန်းတော့သိတယ်၊ မှိန်းတုတ်နေတာ အများကြီးလေ၊ မပယ်နိုင်ကြဘူး။

မြတ်စွာဘုရားက နောက်တစ်ခု ဟောတယ်၊ "ပညာရှိတွေ ချီးမွမ်းတယ်၊ ကုသိုလ်လည်း ဖြစ်တယ်၊ အပြစ်လည်းကင်းတယ်၊ လက်ခံကျင့်သုံး ဆောက်တည် လိုက်ရင်လည်း ကောင်းကျိုးချမ်းသာတွေကို ရတယ် ဆိုတာ သိတယ်၊ သိရင် ချက်ချင်းကျင့်သုံးပါ" တဲ့။ လူတွေက မကျင့်သုံးနိုင်ကြဘူး၊ တန်းလန်း တန်းလန်း

နဲ့ပဲ နေကြတာပဲလေ။ တချို့ အရက် သောက်တယ်၊ မကောင်းမှန်းသိတယ်၊ ဒါပေမယ့် တိုးလုပ်တယ်၊ ဒီအလုပ်ဟာ မကောင်းဘူးလို့ သိတယ်၊ သိပေမယ့်လို့ တန်းလန်းပဲ၊ မပြတ်သားတဲ့သဘော။ မြတ်စွာဘုရားက အသိဉာဏ်နဲ့ သိလာပြီဆိုရင် **မကောင်းတာကို ချက်ချင်းပယ်၊ ကောင်းတာဆိုရင် ချက်ချင်းပြောင်းလဲပြီး ကျင့်သုံးပါ** လို့ ဒီလိုပြောတာ။

တချို့ ဘာသာခြားတွေက ဗုဒ္ဓဘာသာ ကောင်းတယ်ဆိုတာသိတယ်၊ သို့သော် ဗုဒ္ဓဘာသာ လုပ်ပါလားဆိုတော့ မလုပ်နိုင်ဘူး၊ ဒီလိုလည်းရှိတာပဲလေ။ မြတ်စွာဘုရားက ရဲရင့်ပြတ်သားဖို့ ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်တယ်ဆိုတဲ့နေရာမှာ အဓိကအချက်က ဘာတုန်းဆိုရင် လက်တွေ့ကျင့်သုံးတဲ့အခါမှာ "ကောင်းကျိုးကို ဖြစ်စေသလား၊ မကောင်းကျိုးကို ဖြစ်စေသလား" ဒါက အဓိက အကျဆုံးပဲတဲ့၊ ဒီလိုဆိုလိုတာနော်။

အဲဒီမှာ မြတ်စွာဘုရားက အကုသိုလ်နဲ့ ပတ်သက်ပြီးတော့ လောဘ၊ ဒေါသ၊ မောဟ ဒီသုံးမျိုးကို ရှင်းပြ

တယ်။ လောဘက လွှမ်းမိုးထားမယ်၊ ဒေါသတွေ လွှမ်းမိုးနေမယ်၊ မောဟတွေ လွှမ်းမိုးနေတယ်။ လောဘ လွှမ်းမိုးတဲ့အခါမှာ လိုချင်စိတ်တွေများပြီးတော့ သူများ အသက် သတ်ချင်လည်းသတ်မယ်၊ သူများဥစ္စာ ခိုးချင် လည်း ခိုးမယ်၊ သူတစ်ပါး သားမယား စော်ကားချင် စော်ကားမယ်၊ လိမ်ပြောချင်လည်းပြောမယ်၊ သူများကို လည်းပဲ ဒီအလုပ်တွေလုပ်ဖို့ တိုက်တွန်းချင် တိုက်တွန်း မယ်၊ မကောင်းတဲ့ အလုပ်တွေဘက်ကို လောဘ လွှမ်းမိုးလာတဲ့လူတစ်ယောက်ဟာ ဦးလှည့်သွားတတ် တယ်။

ဒေါသလွှမ်းမိုးခြင်းခံရတဲ့ ပုဂ္ဂိုလ်ဟာလည်း ထို့ အတူပဲ၊ ဒီ ဒုစရိုက်တွေဘက်ကို ဦးလှည့်သွားတယ်။ မောဟဆိုတာကတော့ လုပ်သင့်တာနဲ့ မလုပ်သင့်တာ မသိဘူး၊ မသိသည့်အတွက်ကြောင့် မလုပ်သင့်တာကို လုပ်သင့်တယ်လို့ထင်တယ်၊ လုပ်သင့်တာကို မလုပ်သင့် ဘူးလို့ ထင်တယ်ဆိုတဲ့ မောဟ လွှမ်းမိုးခြင်းခံရတဲ့ ပုဂ္ဂိုလ်ဟာလည်း ဒီအတိုင်းပဲ၊ အဲဒီလို ဖြစ်တတ်တယ်

တဲ့။ အဲဒါ ကိုယ့်ဟာကိုယ် ဆင်ခြင်ဆုံးဖြတ်ကြည့်ရမယ်။ ဆင်ခြင်သုံးသပ်ကြည့်လိုက်တဲ့အခါမှာ ဒီအလုပ်တွေက မကောင်းဘူးဆိုတာကို သိတယ်၊ လောဘလည်း မကောင်းဘူး။

လောဘ၊ ဒေါသ၊ မောဟ ရှိနေရင် လောဘ၊ ဒေါသ၊ မောဟ အကြောင်းပြုပြီး ပါဏာတိပါတ လုပ်တယ်။ မှန်တာပေါ့၊ ခြင်ကလေးတစ်ကောင် ကိုယ့်ကိုက်လာလို့ရှိရင် ဒေါသနဲ့ ရိုက်လိုက်တာပေါ့၊ ကြက်မြင်တော့ ကြက်သားစားချင်လို့ သတ်တာပေါ့၊ လောဘဖြစ်ရင်လည်း မကောင်းတဲ့အလုပ် လုပ်တာပဲ၊ ဟုတ်ရဲ့လား၊ ဒေါသဖြစ်ရင်လည်း မကောင်းတဲ့အလုပ် လုပ်တာပဲ၊ မောဟ လုပ်ကောင်းတယ်၊ မလုပ်ကောင်းဘူး မသိသည့်အတွက်ကြောင့်လည်း လုပ်တာပဲ။

အဲဒီလို ဒုစရိုက်လုပ်ငန်းတွေလုပ်တော့ ဆင်းရဲဒုက္ခတွေ ဖြစ်လာနိုင်တယ်ပေါ့။ အဲဒီလို ဖြစ်လာတယ်ဆိုလို့ရှိရင် ဒီအလုပ်တွေက မကောင်းဘူးတာ သိရမယ်။ မြတ်စွာဘုရားက စွန့်ပယ်ရမယ်တဲ့။

ဒါတွေဟာ Tradition နဲ့ ဆိုင်သလား ပြန်စဉ်းစား ကြည့်၊ မဆိုင်ဘူး၊ သူများကလာပြီး သတင်းပေးတဲ့ report နဲ့ရော ဆိုင်သလား၊ မဆိုင်ဘူး၊ ဒီလိုပဲ hear-say တွေနဲ့လည်း မဆိုင်ဘူး၊ စာထဲမှာပါလို့ ဆိုတာနဲ့ လည်း မဆိုင်ဘူး၊ အင်မတန်မှ လက်တွေ့ကျပြီး လက်တွေ့ကျင့်သုံးဖို့ မြတ်စွာဘုရားက ဟောတာ။

ထို့အတူပဲ ကုသိုလ်ဘက်က ကြည့်မယ်ဆိုရင် အလောဘ၊ အဒေါသ၊ အမောဟ၊ အလောဘ ရှိရင် ဒါနကောင်းမှုတွေ လုပ်တယ်၊ အဒေါသ (မေတ္တာ) ရှိလို့ရှိရင် လူမှုကူညီရေးတွေ လုပ်တယ်၊ အမောဟ ရှိလာလို့ရှိရင် အရာရာ ဆင်ခြင်တိုင်းထွာပြီးလုပ်တယ်၊ ပါဏာတိပါတက ရှောင်တယ်၊ အဒိန္နာဒါန၊ ကာမေသု-မိစ္ဆာစာရ၊ မုသာဝါဒ ဒါတွေလည်း ရှောင်တယ်၊ သူများ ကိုလည်း မကောင်းတဲ့ဘက်က မတိုက်တွန်းဘူး၊ ဟော၊ ဒုစရိုက်တွေဘက်က ရှောင်တယ်။ ရှောင်သည့်အတွက် ကြောင့် အပြစ်ကင်းတယ်၊ ပညာရှိတွေက ချီးမွမ်းတယ်၊

တကယ်လည်း ကိုယ်လုပ်တဲ့အခါမှာ အလောဘ၊ အဒေါသ၊ အမောဟကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ အခြေအနေတွေက အခြေအနေကောင်းတွေချည်းပဲ ဖြစ်ပေါ်လာတယ်။ ဒီလို အခြေအနေကောင်းတွေ ဖြစ်ပေါ်လာတာ ခုနတုန်းက သူများက အခြေအနေ ကောင်းတွေ ရှိတယ်လို့ပြောလို့ လုပ်တာလား၊ ကိုယ်တိုင်သိလို့လုပ်တာလားဆို ကိုယ်တိုင်သိလို့ လုပ်တာ။ Tradition မို့ လုပ်တာလား၊ မဟုတ်ဘူး၊ ကိုယ်တိုင်သိတာ၊ ဒီလိုဆိုလိုတာ၊ တက္ကနည်းနဲ့ စဉ်းစားပြီးတော့ လုပ်တာလား၊ inference ဆိုတဲ့ အနုမာနနဲ့ တွေးခေါ်ပြီးလုပ်တာလား၊ ဒါတွေလည်းမဟုတ်ဘူး၊ အမှန်တရားဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင် စဉ်းစားပြီးတော့ ဆုံးဖြတ်တာ၊ ဒါကိုရည်ရွယ်ပြီးတော့ ငါဘုရား ဒီ(၁၀)ချက်ကို ဟောပါတယ်လို့။

ဘဝမှာ ဒီအတိုင်း လိုက်နာနိုင်တယ်၊ အကောင်းနဲ့အဆိုး၊ အကြောင်းနဲ့အကျိုး ဝေဖန်သုံးသပ်ပြီးတော့ မကောင်းတာဆိုရင် စွန့်၊ ကောင်းတာဆိုရင် လက်ခံ

ကျင့်သုံး၊ ဒီလိုဆိုရင် ဘဝမှာမပြည့်စုံဘူးလား၊ ပြည့်စုံတာပေါ့။ ပြည့်စုံသွားပြီဆိုတော့ တစ်ဦးတစ်ယောက်အတွက်တော့ ပြည့်စုံသွားပြီ။

သို့သော် လူဆိုတာဟာ ကိုယ်တစ်ယောက်တည်းကောင်းလို့ မရသေးဘူး၊ လူဆိုတာ society အပေါင်းအသင်းနဲ့နေတာ။ အပေါင်းအသင်းနဲ့နေရင် ဘယ်လိုနေရမလဲဆိုတာကို မြတ်စွာဘုရားက ဆက်ဟောတယ်။ အလောဘ၊ အဒေါသ၊ အမောဟ ဆိုတဲ့ သဘာဝတရားတွေ သူ့မှာရှိလာရင် သူက လောဘလည်း ကင်းနေတယ်၊ ဒေါသလည်း နည်းတယ်၊ တွေဝေမှုလည်း မရှိဘူး၊ အသိဉာဏ်တွေ၊ စဉ်းစားဉာဏ်တွေ ရှိလာတယ်။

သူ့စိတ်နေသဘောထားတွေဟာ မြင့်မြတ်လာတယ်၊ အများရဲ့အကျိုးကို လိုလားတယ်ဆိုတဲ့ မေတ္တာစိတ် ဝင်လာတယ်၊ မေတ္တာနဲ့ နေတတ်လာတယ်၊ ကောင်းတဲ့ဘက် ရွေးချယ်လိုက်တဲ့အခါ ငါ့ရဲ့ပတ်ဝန်းကျင်ကလူတွေ ကောင်းကျိုး ချမ်းသာတွေ

ရကြပါစေ၊ အဆင်ပြေကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးကင်းကြပါစေ၊ ရန်ကင်းကြပါစေနဲ့ မေတ္တာစိတ် ထားတတ်လာတယ်၊ အကျိုးစီးပွားကို လိုလားလာတယ်။

နိမ့်ကျပြီး ဆင်းရဲဒုက္ခရောက်နေတဲ့၊ အဆင်မပြေ တဲ့ ပုဂ္ဂိုလ်တွေလည်း အဆင်ပြေကြပါစေ၊ ကရုဏာ ထားတတ်လာတယ်၊ အောင်မြင်ကြီးပွားသွားတဲ့ ပုဂ္ဂိုလ် တွေအပေါ်မှာလည်း jealousy မဖြစ်ဘူး၊ အောင်မြင်မှု တွေ ဆက်လက် ရရှိကြပါစေလို့ မုဒိတာပွားနိုင်တယ်။

ဒါတင်မကဘူး၊ အားလုံးအပေါ်မှာ လူဆိုတာ ကိုယ့်ကံနဲ့ကိုယ်လာတာ ဖြစ်သောကြောင့် တွယ်တာမှု ဆိုတဲ့ ရှုထောင့်ကနေ မကြည့်ဘဲနဲ့ ကံတရားဆိုတဲ့ ရှုထောင့်ကနေကြည့်ပြီး လူတွေကို ကူညီစောင့်ရှောက် လာတတ်တယ်၊ ဥပေက္ခာတရားတွေ ဖြစ်ပေါ်လာတာ ပါ။

ဥပေက္ခာဆိုတာ ဂရုမစိုက်ဘဲနဲ့ ပစ်ထားတာမျိုး မဟုတ်ဘူး၊ စိတ်ခံစားအနေနဲ့ တည်ငြိမ်တာ "အားလုံး ဟာ ကိုယ့်ကံနဲ့ကိုယ်လာတာ" ကိုယ့် သားသမီးအပေါ်

တောင်မှ ဥပေက္ခာမထားနိုင်လို့ရှိရင် ကြည့်လေ-ကိုယ်က ဖြစ်စေချင်တာတစ်ခု၊ သားသမီးက ဖြစ်နေတာတစ်ခုဆိုရင် ဥပေက္ခာမထားနိုင်ရင် ဘာဖြစ်လာတုန်းဆို ရိုက်တယ်၊ နှက်တယ်၊ ဆုံးမတယ်၊ မျိုးစုံလုပ်တော့ ကြာတော့ ဒုက္ခ ရောက်လာတယ်၊ ဟုတ်ရဲ့လား။

ဥပေက္ခာဆိုတာ ဘယ်လိုထားရတုန်း၊ သြော် - သူ့လည်း သူ့ကံနဲ့သူ လာတာ၊ ငါလည်း ငါ့ကံနဲ့ကံ၊ ကောင်းကျိုးချမ်းသာရအောင် ကိုယ်က ဦးတည့်ပေးရမယ်၊ လုပ်ပေးရမယ်၊ ဒါက ကိုယ့်တာဝန် လုပ်ပေးတာပါ။ သို့သော် လုပ်ပေးတာကို မရကောင်းလားဆိုပြီး ဒေါသဖြစ်နေရင် ဒါ ဥပေက္ခာမထားနိုင်ဘူး၊ ဒီလိုဆိုလိုတာ။

အဲဒီတော့ ဥပေက္ခာဆိုတာ ကံတရားကို ဆင်ခြင်သုံးသပ်ပြီး စိတ်ကိုတည်ငြိမ်အောင်၊ အစွန်းမရောက်အောင် ထားနိုင်တဲ့ အနေအထား။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဒီလေးခုနဲ့ နေလိုက်လို့ရှိရင် အားလုံးအဆင်ပြေမှာဖြစ်တယ်။ အားလုံးအပေါ်မှာ ချိုင့်ပြီး

မေတ္တာထား၊ ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်တွေကျတော့ မေတ္တာမဟုတ်ဘူး၊ ကရုဏာထား၊ အောင်မြင်ကြီးပွားတဲ့ ပုဂ္ဂိုလ်တွေကျတော့ မုဒိတာထား၊ အားလုံးကို တစ်ခါ ခြုံငုံပြီးတော့ သံယောဇဉ်ဖြစ်ခြင်းဆိုတာ မဖြစ်စေဘဲနဲ့ အားလုံးဟာ သူ့ကံနဲ့သူ လာကြတာဆိုတဲ့ အတွေးအခေါ်နဲ့ ဥပေက္ခာထား။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ ဒီတရားတွေဟာ သတ္တဝါတွေ အားလုံးအပေါ်မှာ ထားနိုင်ပြီဆိုလို့ရှိရင် ကိုယ့်အတွက်လည်း လုံလောက်တယ်၊ အားလုံးပတ်ဝန်းကျင်အတွက်လည်း လုံလောက်သွားတယ်။

ဆိုလိုတာက လောဘ၊ ဒေါသ၊ မောဟတွေ ဖယ်ရှားပြီး အလောဘ၊ အဒေါသ၊ အမောဟတွေ ဦးစီးပြီးတော့ လုပ်ဆောင်သွားပြီ ဆိုလို့ရှိရင် တစ်ကိုယ်ရည် တစ်ကာယအတွက် လုံလောက်လို့ စိတ်ဖြူစင်သွားပြီ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ထားနိုင်ပြီ ဆိုလို့ ရှိရင် အများကောင်းကျိုးအတွက် ဖြစ်စေပြီး ဘဝမှာ

ကိုယ့်အကျိုး သူ့အကျိုး နှစ်မျိုး ပြည့်စုံသွားပြီလို့ ဒီလို ပြောတာ။

အဲဒီတော့ society မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ထားနိုင်ပြီ ဆိုတဲ့အခါ ပြဿနာ ကျန်သေးသလားဆိုရင် မဖြေရှင်းနိုင်တဲ့ ပြဿနာတစ်ခု ကျန်နေသေးတယ်။ ဘာလဲလိုရင် ကိုယ်ကိုယ်တိုင်က မဆုံးဖြတ်နိုင်လို့ နောင်ဘဝဆိုတာ ရှိသလား၊ မရှိဘူး လား ဆိုတာပဲ။

သေပြီးတဲ့နောက် ဘာဖြစ်မလဲ ကိုယ်ကိုယ်တိုင် မဆုံးဖြတ်နိုင်ဘူး၊ မဆုံးဖြတ်နိုင်တဲ့အခါ မြတ်စွာဘုရား က အကြံဉာဏ်၊ ဆုံးမသြဝါဒပေးတယ်။ အဲဒီလို မဆုံးဖြတ်နိုင်တဲ့အခါ သေချာတာကိုလုပ်။

ဒီသုတ္တန်မှာ ကိုယ့်အတွက် သက်သာရာရစေမယ့် အချက်လေးချက်။ ဒီဘဝမှာ ကောင်းအောင်နေခြင်း ဖြင့် နောင်ဘဝအရေး စိတ်အေးရမယ့် အချက် လေးချက်ကို မြတ်စွာဘုရား ဟောတယ်။ ဟုတ် မဟုတ် စဉ်းစားကြည့်။

တချို့ဘာသာရေးဆရာက ပြောတယ်၊ တမလွန်လောက မရှိဘူးလို့ ပြောတယ်။ တချို့က ရှိတယ်လို့ ပြောတယ်၊ အဲဒီနှစ်ခုကြားမှာ ဘယ်လိုနေမလဲဆိုတော့ မြတ်စွာဘုရားက "**ဒီဘဝမှာ ကောင်းအောင်လုပ်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာနဲ့နေ၊** အများအတွက် ကိုယ်ကိုယ်တိုင်က လောဘ၊ ဒေါသ၊ မောဟ အခြေခံတဲ့ အကုသိုလ်တွေ စွန့်ပယ်ပြီး အလောဘ၊ အဒေါသ၊ အမောဟ အခြေခံတဲ့ ကုသိုလ်တရားတွေ ပြီးပြည့်စုံအောင်လုပ်"

အဲဒီလို ဖြူစင်နေတဲ့စိတ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ တမလွန်လောက မရှိလည်း ဘာပူစရာလိုလဲ၊ ဒီဘဝမှာ လူကောင်းပဲ၊ တမလွန်လောက ရှိပြီဆိုရင် ဟိုဘဝမှာ ချမ်းသာတဲ့ဘဝ ရောက်သွားမယ်၊ စိတ်သက်သာရာ မရပေဘူးလား။

ဘယ်ဘက်က ကြည့်ကြည့် သူ့အတွက်က လုံလောက်တယ်။ ဒီဘဝမှာ ကောင်းအောင်နေသည့်အတွက်ကြောင့် တမလွန်ဘဝ ရှိတယ်ဆိုရင် အိုကေ၊

နောင်ဘဝ ငါကောင်းတဲ့ဘုံ ရောက်မှာပဲ၊ တမလွန် လောက မရှိဘူးဆိုလည်း ဘာကိစ္စရှိလဲ၊ ဒီဘဝမှာ ငါ လူတော်လူကောင်း၊ ကိုယ့်ကိုကိုယ် ချမ်းချမ်း သာသာနဲ့ ထိန်းသိမ်းစောင့်ရှောက် သွားနိုင်တယ်၊ ဒီလို စိတ်သက်သာရာ (၂)မျိုးရတယ်။

နောက် အကုသိုလ်ဆိုတာ မရှိဘူး၊ အကုသိုလ် ဆိုတာ လုပ်လို့မရဘူးလို့ ပြောတဲ့ပုဂ္ဂိုလ်က တစ်ဦး၊ လုပ်လို့ရတယ်လို့ ပြောတဲ့ပုဂ္ဂိုလ်ကတစ်ဦး၊ ဒီလိုနှစ်မျိုး ကွဲနေတယ်။ လုပ်လို့မရဘူးဆိုရင် ငါကိုယ်တိုင်ကမှ အကုသိုလ်မလုပ်တာ၊ မလုပ်ရင် အကုသိုလ်အကျိုး ဘယ်လာမလဲလို့ သက်သာရာရတယ်။ နှစ်ဖက်စလုံး သူ့အတွက် သေချာပေါက်ချည်းပဲ။ မလုပ်ခြင်းကြောင့် လည်း အကုသိုလ်မရဘူး၊ လုပ်မဖြစ်ခြင်းကြောင့် လည်း အကုသိုလ် မဖြစ်ဘူး။ အဲဒီတော့ လေးဘက် လေးတန်က သက်သာရာရတယ်။ ဒီလို သေချာတဲ့ နည်းစနစ်ကို လိုက်နာကျင့်သုံးရမယ်လို့ မြတ်စွာ ဘုရားက **ကာလာမသုတ်**မှာ ဒီလိုဟောလိုက်တာ။

သံသယရှိနေတဲ့ ပုဂ္ဂိုလ်တွေကို "ငါပြောတာ နားထောင်၊ ငါ့တရားမှ အမှန်၊ ကျန်တဲ့လူတွေရဲ့ တရားက အမှား" လို့ ဒီလိုသာပြောရင် ဟိုလူတွေ သံသယပိုဖြစ်သွားမှာပဲ။ ရဟန်းဂေါတမလည်း ဒီပုတ်ထဲက ပဲပါပဲဆိုပြီးတော့ သူကလည်း သူ့ဝါဒ ကောင်းကြောင်း ပြောသွားတာပဲ" ဒီလိုပြောခံရမှာ။ အခုကျတော့ မြတ်စွာဘုရားက အလွန်လိမ္မာပါးနပ်စွာ ဆုံးမတော်မူတယ်။ (ဘုရားက ကိုယ့်ဝါဒ ပြောတာပဲ၊ ပြောတယ်လို့ မထင်ရဘူး၊ တကယ်တော့ မြတ်စွာဘုရားဟာ ကိုယ်ဟောနေကျတရား ဟောသွားတာပါပဲ)

အကုသိုလ်တွေရှောင်ဖို့၊ ကုသိုလ်တွေဆောင်ဖို့၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားတွေ ပွားများ အားထုတ်ကြဖို့ဆိုတဲ့ ဒီအခြေခံတရားတွေကို ကာလာမ အမျိုးသားတွေကို ဟောသွားတာတာ။ သူတို့ အင်မတန်မှ သဘောကျပြီး နောက်ဆုံး ဗုဒ္ဓဘာသာ အဖြစ်ကို ခံယူကြတယ်တဲ့။ ဒါက ကာလာမသုတ္တန်ကို

အနှစ်ချုပ်အနေနဲ့ ရှင်းလင်းဟောကြားတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့ ဒီ ကာလာမသုတ္တန်ရဲ့ အနှစ်ချုပ်ကို ကြည့်မယ်ဆိုရင် (၁) မြတ်စွာဘုရားက အမှန်တရားကို ရှာဖွေတဲ့အခါမှာ တစ်ဆင့်ကြားစကားနဲ့လည်း မရှာနဲ့။ Tradition ဆိုတဲ့အစဉ်အလာနဲ့လည်း မရှာနဲ့။ လူပြောသူပြော ဒီလိုတဲ့ ဆိုတာနဲ့လည်း မရှာနဲ့။ စာထဲမှာ ပါတယ်ဆိုတာနဲ့လည်း မရှာနဲ့၊ မဆုံးဖြတ်နဲ့။ Logic နည်းနဲ့လည်း မဆုံးဖြတ်နဲ့။ အနုမာန အတွေးအခေါ်မျိုးနဲ့လည်း မဆုံးဖြတ်နဲ့။ ကြောင်းကျိုးဆင်ခြင်တဲ့နည်းနဲ့လည်း မဆုံးဖြတ်နဲ့။ ငါ့အယူဝါဒနဲ့ ကိုက်ညီတယ်ဆိုတာနဲ့လည်း မဆုံးဖြတ်နဲ့။ ဖြစ်နိုင်တယ် ဆိုတာနဲ့လည်း မဆုံးဖြတ်နဲ့။ တို့ဆရာပြောတဲ့စကား ဆိုတာနဲ့လည်း မဆုံးဖြတ်နဲ့။ ကိုယ်ပိုင်ဉာဏ်နဲ့ သိပြီးတော့ ဆုံးဖြတ်ပါတဲ့။

(၂) ဆုံးဖြတ်လို့ လက်ခံကျင့်သုံးလို့ အပြစ်ရှိလို့ လက်ခံကျင့်သုံးလို့ မကောင်းကျိုးတွေ ပေးမယ်ဆိုရင် ချက်ချင်း သိတဲ့အချိန်မှာ ချက်ချင်း စွန့်လိုက်ပါ။ (၃) လက်ခံကျင့်သုံးလို့ ကောင်းကျိုးချမ်းသာကို ရမယ် ဆိုရင် ချက်ချင်း ကျင့်သုံးပါ၊ (၄) အဲဒီလို မကောင်း တာတွေကိုစွန့်ပယ်၊ ကောင်းတာတွေကို ကျင့်သုံးတဲ့ အခါမှာ အားလုံးအတွက် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားများ ပွားများအားထုတ် ပြီးတော့နေပါ။ (၅) အဲဒီလို အားထုတ်ပြီးတော့ နေလို့ ရှိရင် နောင်ဘဝ ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ အကုသိုလ်ကံရဲ့အကျိုး ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဘာမှစိတ်ပူစရာမရှိပါဘူးလို့ မြတ်စွာဘုရားက ဒီလို အဆုံးသတ် ဟောကြားခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့ တရားချစ်ခင်သူတော်စင်ပရိသတ်တို့ **ကာလာမသုတ္တန်**အတိုင်း မြတ်စွာဘုရား ဟောကြား ဆုံးမတဲ့တရားကို နာယူမှတ်သားပြီး မိမိတို့ဘဝမှာ တကယ် ဆင်ခြင်စဉ်းစားရမှာက **အပြစ်ရှိတဲ့အရာလား**

အပြစ်မရှိတဲ့အရာလား၊ အကုသိုလ်လား ကုသိုလ်လား၊ ပညာရှိတွေ ကဲ့ရဲ့တဲ့အရာလား ချီးမွမ်းတဲ့အရာလား၊ လက်တွေ့ကျင့်သုံးလို့ရှိရင် ကောင်းကျိုးချမ်းသာကို ပေးတတ်သလား ဆင်းရဲဒုက္ခကို ပေးတတ်သလား ဆိုတာတွေဖြစ်တယ်။ ဒီ အတိုင်းအတာတွေနဲ့ ဆင်ခြင်သုံးသပ်ပြီး ကိုယ်ပိုင်ဉာဏ်ဖြင့်ဆုံးဖြတ်ကာ လက်တွေ့လိုက်နာကျင့်သုံးကြရမှာ ဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ သဘောကျပြီး ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးသော စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံမြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး မွေစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- နိယျာနိကသာသနာနှင့် မြတ်ဒေသနာများ
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရဏာ
၁၈။ ဥပုသ်စောင့်ခြင်း အစီပွါးယ်
၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသာတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဓဇဂ္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ
၄၂။ လွတ်မြောက်တဲ့စိတ်

၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်

၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)

၄၅။ တရားသိလျက် အကျင့်ခက်

၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ

၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်

၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်

၄၉။ ရတနသုတ်အနှစ်ချုပ်

၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား

၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ

၅၂။ အထင်မှား အမြင်မှား

၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်

၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး

၅၅။ နန္ဒီ ဒုက္ခဿ မူလံ

၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း

၅၇။ အားပေးစကား

၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်

၅၉။ ဘေသဇ္ဇဂုရု

၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ

၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ

၆၂။ ကုသိုလ်ဖြစ်ပွား နလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ

၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ

၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်

[illegible]

[illegible]

[illegible]

[illegible]

[illegible]